# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 24 July 2022 ၁၀၈၀၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပညာ၏တန်ဖိုးကိုသိနားလည်မှုနှင့်အတူ မိမိတို့တွင် ရှိပြီးသားခံယူချက်ကောင်းများနှင့် အနာဂတ်ဘဝခရီးကို ဆက်လက်ကြိုးစား မိမိတို့၏ မိသားစုဂုဏ်၊ ပညာသင်ကြားခဲ့သည့် ကျောင်းတော်ကြီး၏ ဂုဏ်ဆောင်နိုင်ခြင်းမှသည် အမိနိုင်ငံတော်၏ဂုဏ်ကို ထွန်းလင်းပြောင်စေသည့် မြန်မာ့လူငယ်များဖြစ်အောင် ကြိုးစားသွားကြရမည်

နေပြည်တော် ဇူလိုင် ၂၃

မိမိတို့၏မိသားစုဂုဏ်၊ ပညာသင်ကြားခဲ့သည့် ကျောင်းတော်ကြီး၏ ဂုဏ်ဆောင်နိုင်ခြင်းမှသည် အမိနိုင်ငံတော်၏ဂုဏ်ကို ထွန်းလင်းပြောင်စေသည့် မြန်မာ့လူငယ်များဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူဘဝတွင် တပည့်ကောင်းဖြစ်အောင် ကြိုးစားခဲ့သကဲ့သို့ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တိုင်းပြည်ကို ပြန်လည်ဦးဆောင်ရမည့်သူများ ဖြစ်လာကြဦးမည်ဖြစ်သည့်အတွက် **နောင်အနာဂတ်အချိန်တွင်လည်း စည်းကမ်းကောင်းမွန်သည့် ဆရာကောင်းများ၊ ခေါင်းဆောင်ကောင်းများ ဖြစ်လာကြရေး ဆက်လက်ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့်** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များက ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

## ပြည်တွင်းစီးပွားရေးလုပ်ငန်းများအား အတိုးနှုန်းသက်သာသော ချေးငွေများ ထုတ်ချေးမည်

### သတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အသုံးစရိတ်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် စနစ်တကျ စိစစ်သုံးစွဲလျက်ရှိပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့ရှိ ရန်ပုံငွေလက်ကျန်မှာ ကျပ် ၄၉၁ ဒသမ ၉၇၈ ဘီလီယံဖြစ်ပါသည်။

၂။ ယခုအခါ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေမှာ များစွာကျဆင်းသွားပြီဖြစ်ရာ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများအရ ထိခိုက်ကျဆင်းခဲ့ရသော နိုင်ငံတော်၏စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန် အဘက်ဘက်မှကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထက်ပါ ရန်ပုံငွေလက်ကျန်မှ ကျပ် ၄၀၀ ဘီလီယံကို သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ဆောင်ရွက်လျက်ရှိသော စီးပွားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စက်မှုလက်မှုဆိုင်ရာ လုပ်ငန်းများနှင့် ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ပေးနိုင်သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအား အတိုးနှုန်းသက်သာသော ချေးငွေများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် စိစစ်ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

ကြေးမုံ

# ဗုဒ္ဓအဆုံးအမဖြင့် အနာဂတ်ကိုတည်ဆောက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး တည်ဆဲဥပဒေများအပေါ်တွင်မူတည်၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် နိုင်ငံအတွင်းဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများကို ဖြေရှင်းဆောင်ရွက်ရာ၌ ဒီမိုကရေစီနိုင်ငံဖြစ်သည်နှင့်အညီ စစ်အုပ်ချုပ်ရေးကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဖြင့်သာ ဖြေရှင်းဆောင်ရွက်ခဲ့သည်။

ဖြစ်ပေါ်လာသော နိုင်ငံရေးအခြေအနေကို အကြောင်းပြု၍ နိုင်ငံကို အလုံးစုံပျက်သုဉ်းအောင် ကြံစည်လာသော အကြမ်းဖက်အဖွဲ့ CRPH နှင့် NUG တို့က ဖန်တီးပေးခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများသည် ဖောက်ခွဲဖျက်ဆီးမှုများအပြင် ရက်စက်ယုတ်မာသည့် အကြမ်းဖက်သတ်ဖြတ်မှုများပါ ပြုလုပ်လာကြသည်။ PDF အမည်ခံအကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုကြောင့် ဇူလိုင်လ ၂၀ ရက်နေ့အထိ သံဃာတော် ၅၂ ပါးနှင့် သီလရှင်တစ်ပါး ပျံလွန်တော်မူခဲ့သည်။ မပြစ်မှားအပ်သော ရဟန်းသံဃာတော်များအား ကျူးလွန်သည့်လုပ်ရပ်များမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် အများဆုံးဖြစ်ပွားခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင်လည်း အလားတူဖြစ်သည်ကို တွေ့ရသည်။

အကြမ်းဖက်သမားများလက်ချက်ကြောင့် ပညာရေးဝန်ထမ်းများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေမှာ သေဆုံးသူ ၄၇ ဦး၊ ဒဏ်ရာရသူ ၂၁ ဦး၊ ပျောက်ဆုံးသူ ၂၅ ဦး စုစုပေါင်း ၉၃ ဦးရှိပြီဖြစ်သည်။ ကလေးသူငယ် လူငယ်လူရွယ်များအနာဂတ်အတွက် ပြုစုပျိုးထောင်ပေးနေသော အနန္တဂိုဏ်းဝင် ဆရာများအား သတ်ဖြတ်ခံရမှုတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတွင် အများဆုံးဖြစ်သည်ကို တွေ့ရသည်။ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းတောင်သည် သံဃာတော်များ၊ သီလရှင်များ အများဆုံးသီတင်းသုံးရာနေရာဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးသည် ရှေးအစဉ်အဆက် ဘာသာတရားထွန်းကားရာဒေသဖြစ်ပြီး ဗုဒ္ဓဘာသာကို ရှေးအကျဆုံးနှင့် အများဆုံးကိုးကွယ်ဆည်းကပ်ရာဒေသဖြစ်သည်။ သာသနာတော်တွင် သာသနာပြုရဟန်းရှင်လူပုဂ္ဂိုလ်များနှင့် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ထူးအရှင်သူမြတ်များ ယနေ့ထက်တိုင်အောင် သီတင်းသုံးရာ၊ ပေါ်ထွန်းရာ အရပ်ဒေသဖြစ်သည်။

ရှေးအစဉ်အဆက် အညာဒေသပြည်သူများအနေဖြင့်လည်း ဘာသာသာသနာထွန်းကားရာဒေသတွင် နေထိုင်ကြသူများဖြစ်သည်နှင့်အညီ ယဉ်ကျေးမှုအစဉ်အလာကြီးမားပြီး ဘာသာတရားကို ရိုသေဆည်းကပ်ကိုးကွယ်ကြသည်။ သို့သော် ယနေ့အချိန်အခါတွင် ဖီလာဆန့်ကျင် ပြောင်းပြန်ဖြစ်သွားသည်ကို အံ့သြဖွယ် မြင်တွေ့ကြားသိကြရမည်ဖြစ်သည်။ ရဟန်းသံဃာတော်များကို သတ်ဖြတ်သည်အထိ ကြီးလေးသောအပြစ်တို့ကို ကျူးလွန်လာကြသည်။ မိရိုးဖလာဗုဒ္ဓဘာသာဝင်များဖြစ်သော်လည်း မျက်မှောက်ကာလ မျိုးဆက်သစ်များကို အမိုက်မှောင်ဖုံးအောင် လွှမ်းမိုးနိုင်ခဲ့သည့် လက်သည်အစစ်အမှန်ကို ခန့်မှန်းကြည့်နိုင်ပေသည်။ မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံကို လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရှိပြီး ရှေးရိုးအစဉ်အလာအရ မိရိုးဖလာဘာသာကို အများဆုံးကိုးကွယ်ကြရာ နိုင်ငံလူဦးရေ၏ ၈၇ ရာခိုင်နှုန်းခန့်သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်သည်။

ယနေ့ဘာသာတရားကို ဖျက်ဆီးပြစ်မှားနေသည့် အကြမ်းဖက်သမားများအား ဥပဒေကြောင်းအရ ထိရောက်စွာရှင်းလင်းဖယ်ရှားလျက်ရှိသည်။ သူတစ်ပါး၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ထိခိုက်နစ်နာစေခြင်း၊ သူတစ်ပါး၏ဥစ္စာကို ခိုးဝှက်လုယူခြင်း၊ ကာမဂုဏ်၌ မှားယွင်းစွာပြုကျင့်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း စသည့်မကောင်းမှုများသည် တရားဥပဒေကို ချိုးဖောက်သော ဒုစရိုက်အမှုများဖြစ်၍ ဥပဒေ၏ဒဏ်ခတ်ခြင်းကို ခံရမည်သာဖြစ်သည်။ သံသရာတွင် ကံ ကံ၏အကျိုးကြောင့် မလွတ်နိုင်သော ဆင်းရဲဒုက္ခရဲတွင်းသို့ ကျရောက်ရမည်သာဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များဖြစ်ပါလျက်နှင့် ဗုဒ္ဓဘာသာကို ဖျက်ဆီးစော်ကားလာသည့်ဇာစ်မြစ်ကို ပြန်လည်သုံးသပ်၍ သင်ခန်းစာယူရမည်ဖြစ်သည်။

ဤဒုစရိုက်မှုများသည် နိုင်ငံတော်အတွင်း ငြိမ်းချမ်းသာယာမှုကို ပျက်ပြားစေပြီး နိုင်ငံတော်အကျိုးကို ဆုတ်ယုတ်စေသည်။ နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းသာယာ၍ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းလုံးရေး၊ ပြည်ထောင်စုကြီး တည်တံ့သာယာဝပြောရေးကို အလိုရှိကြကုန်သော ပြည်သူအပေါင်းတို့သည် မင်းမဲ့စရိုက်ဖြစ်သည့် ထိုဒုစရိုက်မှုများကို ဝိုင်းဝန်းတိုက်ဖျက်ကြရမည်ဖြစ်သည်။ မြန်မာတို့၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများ ပျက်ပြားမှုမှ ဖြစ်ပေါ်လာသည့် ဒုစရိုက်မှုများ အနာဂတ်တွင်ဖြစ်ပေါ်မလာအောင် မျိုးဆက်သစ်များ၏ နှလုံးသားတွင် ဗုဒ္ဓအဆုံးအမများ ကိန်းဝပ်လာအောင် ပြုလုပ်ပေးရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း



နေပြည်တော် ဇူလိုင် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်ရှိ ကဥ္စနာရာမကျောင်းတိုက်သို့ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မူလကမ္ဘာအေးကျောင်းတိုက်(မိုးကုတ်ရိပ်သာ)သို့လည်းကောင်း၊ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်ရှိ တောင်တန်းသာသနာပြု(ဗဟို)ကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဓာတုဝိဇ္ဇာ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပန်းတောင်းမြို့နယ်၌ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲ ကျင်းပ




ပန်းတောင်း ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကြက်ခြေနီအသင်း (ခွဲ)မှ ကြီးမှူးဖွင့်လှစ်သော ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းအမှတ်စဉ် (၃/၂၀၂၂) ဆင်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် ထုံးဘိုကျေးရွာ ကိုးဆောင်ကျောင်း မြပညာအလင်းရောင် (အခမဲ့)သင်တန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**သင်တန်းဆင်းလက်မှတ်များချီးမြှင့်**

အခမ်းအနားတွင် ထုံးဘိုကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ဦးစောကျော်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ခရိုင်တပ်ဖွဲ့မှူး ဦးဝင်းကြိုင်က ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းသားများသိရှိလိုက်နာဆောင်ရွက်ရမည့် အချက်အလက် စည်းမျဉ်းစည်းကမ်းများကို ပြောသည်။ ဆက်လက်၍ ပန်းတောင်းမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်း တပ်ရင်းမှူး ဦးသိန်းဝင်းမြင့်က မြို့နယ်အတွင်း ရှေးဦးပြုစုခြင်း(အခြေခံ) ကြက်ခြေနီ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရသော အကြောင်းရင်းများကို ပြောကြားပြီး တက်ရောက်လာကြသည့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးခဲ့ကြသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၈ ရက်မှ ဇူလိုင် ၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၄ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

## ဆီဆိုင်မြို့၌ ကွန်ကရစ်တံတား တည်ဆောက်

ဆီဆိုင် ဇူလိုင် ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့မင်္ဂလာရပ်ကွက်နှင့် သီရိရပ်ကွက်ကြားရှိ သရဖီလမ်းကွန်ကရစ်တံတား တည်ဆောက်ခြင်းကို ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် မြို့နယ်စည်ပင်သာယာရေးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေကျပ် ၄ ဒသမ ၇ သန်းဖြင့်၂၀၂၂ ခုနှစ် ဇွန် ၆ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၁၀



ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် ဘက်စုံပညာထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘက်စုံပညာထူးချွန်လူငယ်ဆုရရှိသည့် မသွန်းပိုးရတီအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်ဟိန်းထက်ဇော်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။

**ယခု ၁၀ နှစ်ကာလအတွင်း၌ ပညာရေးအခြေအနေသည် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်ကို ကျော်လွန်ပြီး အထက်တန်းအဆင့်၊ တက္ကသိုလ်တက်ရောက်နိုင်သည့်အဆင့်ရှိသူ အလွန်နည်းပါးနေသည်ကို တွေ့ရှိရသည်ဖြစ်သည့်အတွက် ဆယ်စုနှစ်များစွာဆိုပါက နိုင်ငံအတွက်လိုအပ်သည့် ပညာတတ်အင်အား များစွာလိုအပ်ချက်ရှိနေသည်ကို သုံးသပ်တွေ့ရှိရမည်**

☆ **ရှေ့ဖုံးမှ**

အောင်မြင်ခဲ့သည့် စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် ဘက်စုံပညာထူးချွန် လူငယ်များအား ဂုဏ်ပြုဆု ချီးမြှင့်ခြင်းအခမ်းအနား၌ဂုဏ်ပြုအမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း (အငြိမ်းစား)နှင့် ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဆုရ စစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ ဆရာ၊ ဆရာမများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မျိုးဆက်သစ်မောင်မယ်များအနေဖြင့် ပညာကိုမြတ်နိုးပြီး ကြိုးစားချင်စိတ်များ ပိုမိုပေါ်ထွန်းလာစေရေး ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ ဂုဏ်ပြုဆုများကို နှစ်စဉ်ပေးအပ်ချီးမြှင့်ခဲ့သည်မှာ ယနေ့ကာလတိုင်ရှိခဲ့ပြီဖြစ်ကြောင်း၊ သို့သော်လည်း ယခင်နှစ်များတွင် ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေများကြောင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပပြုလုပ်နိုင်ခြင်း မရှိခဲ့ဘဲ ယခုနှစ်တွင် နှစ်နှစ်စာ စုပေါင်းချီးမြှင့်ပေးအပ်ခြင်းပင်ဖြစ်ကြောင်း။

**ဟန်ချက်ညီသည့်**
**ပညာရေးစနစ်**

"ပညာရဲရင့် ပွဲလယ်တင့်"၊ "ပညာရွှေအိုး လူမခိုး" ဟူသည့် ဆိုရိုးများသည် ပညာ၏အရေးပါမှုကို ဖော်ညွှန်းထားခြင်း ဖြစ်သကဲ့သို့ အခြားဆောင်ပုဒ်များ၊ ကဗျာ၊ လင်္ကာများဖြင့်လည်း ပညာ၏ အခန်းကဏ္ဍများကို ဖော်ပြခဲ့ကြကြောင်း၊ ပညာရေးကဏ္ဍတွင် ခေတ်ကာလနှင့် လျော်ညီသည့် ပြဋ္ဌာန်းချက်များဖြင့် သင်ရိုးညွှန်းတမ်းများကို ပြုစုပြီး ဟန်ချက်ညီသည့် ပညာရေးစနစ်ကို အကောင်အထည်ဖော်ပေးနိုင်ခဲ့သကဲ့သို့ ဆရာများ၏ အရည်အသွေးများ တိုးတက်လာစေရေးကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အခြေခံလိုအပ်ချက်များဖြစ်သည့် မိဘ၊ ဆရာ၊ ကျောင်းသား၊ တာဝန်ရှိသူများပူးပေါင်းဆောင်ရွက်မှု၊ အခြေခံအဆောက်အဦ စသည်များ ကောင်းမွန်စေရေးအတွက်လည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြကြောင်း။

နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ် (Human Resources)ကို အဓိကအဖြစ် လက်ခံထားကြကြောင်း၊ လူသားအရင်းအမြစ်ဟူသည် "ပညာ" အပေါ် အဓိကမူတည်တည်ဆောက်ခြင်းဖြစ်ပြီး ပညာရေး ရင်းနှီးမြှုပ်နှံမှုကို အဓိကအလေးထားလုပ်ဆောင်ကြသည်ကို တွေ့ရှိရမည်ပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈(ဂ) အရ နိုင်ငံတော်သည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည်၊ ပုဒ်မ ၃၆၆ အရ **"နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနဲ့အညီ (က) ပညာသင်ကြား ပိုင်ခွင့်ရှိသည်၊ (ခ) ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်"**ဟု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများအပေါ် အခြေခံပြီး မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေကို လေ့လာဆန်းစစ်ကြည့်သည့်အခါတွင် ယနေ့ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများသည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် သူငယ်တန်း စတင်တက်ရောက်ခဲ့ပြီး ၁၁၈၇၃၉၂ ဦးရှိကြောင်း၊ မူလတန်းအောင်မြင်၍ အလယ်တန်းအဆင့် ပဥ္စမတန်းသို့တက်ရောက်နိုင်သူ

**စာမျက်နှာ ၄ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီးစိုးဝင်း ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မထက်ဝေဖြိုးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ဘက်စုံပညာထူးချွန်လူငယ်ဆုရရှိသည့် မောင်ရန်လင်းအောင်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။



☆ စာမျက်နှာ ၃ မှ
၈၀၈,၈၇၈ ဦး၊ ရာခိုင်နှုန်းအားဖြင့် ၆၈ ဒသမ ၁၂ ရာခိုင်နှုန်းသာ တန်းစဉ်ကူးပြောင်းခဲ့ကြောင်း တွေ့ရှိရကြောင်း၊ ၃၁ ဒသမ ၈၈ ရာခိုင်နှုန်းသည် မူလတန်းအဆင့် မှာပင် ကျန်ခဲ့ကြောင်း။

အလယ်တန်းအဆင့်မှ အထက်တန်းအဆင့် နဝမတန်းသို့ တက်ရောက်နိုင်ခဲ့သူ ၅၈၅၁၈၂ ဦး ရှိသည့်အတွက် စတင်ကျောင်းနေသူဦးရေ၏ ၄၉ ဒသမ ၂၈ ရာခိုင်နှုန်းရှိပြီး ၅၀ ဒသမ ၇၂ ရာခိုင်နှုန်း ကျန်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နဝမတန်းမှ တက္ကသိုလ်ဝင်တန်း တက်ရောက်နိုင်သူသည် ၂၃၂၁၄၈ ဦးရှိသဖြင့် စတင်ကျောင်းနေသူဦးရေ၏ ၁၉ ဒသမ ၅၅ ရာခိုင်နှုန်းသာရှိပြီး ၈၀ ဒသမ ၄၅ ရာခိုင်နှုန်း ကျန်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုရာတွင် ကျောင်းတွင်း၊ ပြင်ပဖြေဆိုအင်အား စုစုပေါင်း ၂၈၁၇၅၁ ဦး ရှိပြီး အောင်မြင်သူ ၁၃၂၀၇၇ ဦး အောင်မြင်သည့်အတွက်အောင်မြင်မှုရာခိုင်နှုန်း ၄၆ ဒသမ ၈၈ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရကြောင်း။

ထို့ကြောင့် တန်းစဉ်ကူးပြောင်းနိုင်မှုမရှိဘဲ လျော့နည်းသွားသည့် အင်အားသည် မူလတန်းတွင် ၃၁ ဒသမ ၈၈ ရာခိုင်နှုန်းနှင့် အလယ်တန်းတွင် ၂၇ ဒသမ ၆၅ ရာခိုင်နှုန်းရှိကြောင်း၊ **ယခု ၁၀ နှစ်ကာလအတွင်း၌ ပညာရေးအခြေအနေသည် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်ကို ကျော်လွန်ပြီး အထက်တန်းအဆင့်၊ တက္ကသိုလ်တက်ရောက်နိုင်သည့် အဆင့်ရှိသူ အလွန်နည်းပါးနေသည်ကို တွေ့ရှိရသည်ဖြစ်သည့်အတွက် ဆယ်စုနှစ်များစွာဆိုပါက နိုင်ငံအတွက် လိုအပ်သည့် ပညာတတ်အင်အားများစွာ လိုအပ်ချက်ရှိနေသည်ကို သုံးသပ်တွေ့ရှိရမည်ဖြစ်ကြောင်း။**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံး၏ တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်း ၄၆ ဒသမ ၈၈ ရာခိုင်နှုန်းရှိရာ၌ အချို့သော တပ်မတော်ပညာရေးကျောင်းများနှင့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများသည် ကျောင်းအလိုက်အောင်ချက် ၄၅ ရာခိုင်နှုန်း အထက်ရှိပြီး တပ်မတော်အခြေခံပညာ အထက်တန်းကျောင်း တစ်ကျောင်းဖြစ်သည့် အထက(၂)မင်္ဂလာဒုံသည် အောင်ချက် ၈၈ ဒသမ ၃၈ ရာခိုင်နှုန်း၊ တပ်မတော်ပညာရေးကျောင်းများအတွင်း၌ အမှတ်(၂)ပညာရေးကျောင်းသည် ၈၈ ဒသမ ၂၄ ရာခိုင်နှုန်းနှင့် အသီးသီးအောင်မြင်ခဲ့ကြောင်း ဂုဏ်ယူဖွယ်ရာ တွေ့ရကြောင်း။

ထို့ကြောင့် အထက(၂)မင်္ဂလာဒုံနှင့် အမှတ်(၂)ပညာရေးကျောင်းတို့မှ အစပြု၍ အောင်ချက်မြင့်မားသည့် ကျောင်းများက သက်ဆိုင်သူအားလုံးတို့၏ကြိုးစားအားထုတ်မှုပိုင်းကို ချီးမွမ်းဂုဏ်ယူပါကြောင်းနှင့် အောင်ချက်ရာခိုင်နှုန်း ကျဆင်းနေသေးသည့် ကျောင်းများအနေဖြင့်လည်း အလားတူအောင်မြင်မှုမျိုးရရှိကြရေးအတွက် စံနမူနာယူ အားထုတ်ကြိုးပမ်းသွားကြရန်လိုကြောင်း။

**ချီးမြှင့်ထိုက်သူများ**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်များတွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သူ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းနှင့် စစ်သည်အစားခန့် အရပ်သားအမှုထမ်း သားသမီးများ၏ အောင်မြင်မှုများကို ကြည့်လိုက်မည်ဆိုပါက ခြောက်ဘာသာ ဂုဏ်ထူးရှင် ၈၃ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၉၁ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၂၇၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၄၂၇ ဦး၊ နှစ်ဘာသာဂုဏ်ထူး ၇၉၀၊ တစ်ဘာသာဂုဏ်ထူး ၂၉၀၉ ဦး ရှိသည်ကိုတွေ့ရပါကြောင်း၊ ထို့အပြင် သုံးဘာသာ ဂုဏ်ထူးရ စစ်သည် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရ စစ်သည် ခြောက်ဦး၊ တစ်ဘာသာဂုဏ်ထူးရ စစ်သည် ၁၃၄ ဦး ရှိသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် ဘက်စုံထူးချွန်သူ ၃၅ ဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း ဆုရရှိသူ ၁၁ ဦး၊ တက္ကသိုလ်ပညာသင်ဆုရရှိသူ ၈၅ ဦးရရှိကြသည့်အတွက် နှစ်စဉ် ပညာရေးအောင်မြင်မှုတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုဆုချီးမြှင့်မည်ဖြစ်သည်ကိုလည်း ပြောကြားလိုကြောင်း။

**ယနေ့အခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၇၅ ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၁၇၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည်ခြောက်ဦးနှင့် ဘက်စုံထူးချွန်သူ ၁၆ ဦးတို့ကို ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပြီး ကျန်ဆုရရှိသူများကို တိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်**ကြောင်းနှင့်ပညာထူးချွန်ကြသူများ အပြင် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများကိုလည်း ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

**ရွေးချယ်ချီးမြှင့်ပေးခဲ့**

စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်း သားသမီးများအတွက် တပ်မတော်မှ တက္ကသိုလ်ပညာသင်ဆုများကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်မှု ရမှတ်များအလိုက် အမှတ်အများဆုံးရရှိသူများကို ရွေးချယ်ချီးမြှင့်ပေးခဲ့ရာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၊ အဆင့်မြင့်နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ဝိဇ္ဇာ/သိပ္ပံ ထူးချွန်သူများ၊ ရေကြောင်းတက္ကသိုလ်နှင့် လေကြောင်းတက္ကသိုလ်တို့အတွက် တက္ကသိုလ်ပညာသင်ဆု ရရှိသူ စုစုပေါင်း ၄၈၉ ဦးကို ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း။

စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်နှင့်အညီ ဆက်လက်လျှောက်လှမ်းရမည့်ဘဝအနာဂတ်ခရီးတွင်လည်း မောင်တို့မယ်တို့ ကျောင်းခန်းထဲတွင် တွေ့ခဲ့ရသည့် **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”** ဟူသည့် ဆောင်ပုဒ်လေးကို မမေ့မလျော့ဘဲ နေသွားကြရန်လိုအပ်ကြောင်း၊ မောင်တို့မယ်တို့သည် မိဘဆရာသမားများ၏ပြောဆိုဆုံးမမှုအောက်တွင် ကောင်းမွန်သည့် စည်းကမ်းများ၊ ကိုယ်ကျင့်တရားများနှင့် အညီ ကြိုးစားအားထုတ်ခဲ့ကြသောကြောင့်ယခုကဲ့သို့အခမ်းအနားကြီးကို တက်ရောက်ခွင့်ရခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူဘဝတွင် တပည့်ကောင်းဖြစ်အောင် ကြိုးစားခဲ့သကဲ့သို့ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တိုင်းပြည်ကို ပြန်လည်ဦးဆောင်ရမည့်သူများဖြစ်လာကြဦးမည်ဖြစ်သောကြောင့် နောင်အနာဂတ်အချိန်တွင်လည်း စည်းကမ်းကောင်းမွန်သည့် ဆရာကောင်းများ၊ ခေါင်းဆောင်ကောင်းများဖြစ်လာကြရေး တိုက်တွန်းမှာကြားလိုကြောင်း။

**ပညာမှတစ်ဆင့် မြစ်ဖျားခံ**

ကမ္ဘာကြီးဖြစ်ပေါ်တိုးတက်လာမှုသည် လူသားများ၏ တီထွင်ကြံဆမှုများကြောင့်ပင် ဖြစ်ကြောင်း၊ ခေတ်အလိုက်ပြောင်းလဲလာသည့် စက်မှုကဏ္ဍ၊ နည်းပညာကဏ္ဍ၊ အာကာသဆိုင်ရာပညာရပ်များနှင့် ဆေးဘက်ဆိုင်ရာပညာရပ်များသည် ပညာမှတစ်ဆင့် မြစ်ဖျားခံခဲ့ခြင်း ဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက် (၉)ရပ်ထဲတွင် **“တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး”** ဟူသည့်အချက်ကို မောင်တို့မယ်တို့ တွေ့ရှိရမည်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းနှင့် ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းများ အရ နိုင်ငံသားအားလုံး၏ ၃ ပုံ ၁ ပုံခန့်သည် အလယ်တန်းအဆင့်အထိသာ ပညာသင်ကြားခဲ့ကြရသည်ကို တွေ့ရှိခဲ့ရကြောင်း။

ထို့ကြောင့် စနစ်သစ်ပညာရေးကို KG+12 ထိ ဖော်ဆောင်လျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံဥပဒေအရ မူလတန်းပညာမသင်မနေရဟု ပြဋ္ဌာန်းထားသော်လည်း မိမိတို့အစိုးရအနေဖြင့် KG+9 အခြေခံပညာ အလယ်တန်းအဆင့်အထိ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားခွင့်ရရေးနှင့် အောင်မြင်စေရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**“ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏”** ဟူသည့် မာဃဒေဝလင်္ကာလေးအတိုင်း ပညာ၏တန်ဖိုးကို သိနားလည်မှုနှင့်အတူ မိမိတို့တွင် ရှိပြီးသားခံယူချက်ကောင်းများနှင့် အနာဂတ်ဘဝခရီးကို ဆက်လက်ကြိုးစားလျှောက်လှမ်းသွားကြရမည်ဖြစ်ကြောင်း၊ ပညာပြည့်ဝရုံတင်မဟုတ်ဘဲ သန့်ရှင်းဖြူစင်သည့် ကိုယ်ကျင့်တရားများရှိနေစေရေးအတွက်လည်း အမြဲကျင့်ကြံနေထိုင်သွားကြရန် လိုအပ်ကြောင်း၊ ထိုမှသာလျှင် မိမိတို့ တတ်မြောက်ပြီးသား ပညာရပ်များကို မှန်ကန်စွာအသုံးချနိုင်သူများ ဖြစ်လာကြမည်ဖြစ်ကြောင်း။

ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတွင်လည်း ယုံကြည်ချက်

စာမျက်နှာ ၅ သို့ ☆

**❖ ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏ ဟူသည့် မာဃဒေဝ လင်္ကာလေးအတိုင်း ပညာ၏တန်ဖိုးကိုသိနားလည်မှုနှင့်အတူ မိမိတို့တွင် ရှိပြီးသားခံယူချက်ကောင်းများနှင့် အနာဂတ်ဘဝခရီးကို ဆက်လက်ကြိုးစားလျှောက်လှမ်းသွားကြရမည်**

**❖ ပညာပြည့်ဝရုံတင်မဟုတ်ဘဲ သန့်ရှင်းဖြူစင်သည့် ကိုယ်ကျင့်တရားများရှိနေစေရေးအတွက်လည်း အမြဲကျင့်ကြံနေထိုင်သွားကြရန် လိုအပ်ကြောင်း၊ ထိုမှသာလျှင် မိမိတို့ တတ်မြောက်ပြီးသား ပညာရပ်များကို မှန်ကန်စွာအသုံးချနိုင်သူများ ဖြစ်လာကြမည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ စာမျက်နှာ ၄ မှ
ခံယူချက်ကောင်းများနှင့် ပညာကို ဆက်လက် ကြိုးစားသင်ယူသွားကြရမည်ဖြစ်ကြောင်း၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ကို နှလုံးသွင်းပြီး အတတ်ပညာများကို ဆည်းပူးသကဲ့သို့ အသိပညာပိုင်းဆိုင်ရာတွင်လည်း အားနည်းမှုမရှိစေအောင် ကြိုးစားအားထုတ်ကြစေလိုကြောင်း၊ မိမိတို့၏ မိသားစုဂုဏ်၊ ပညာသင်ကြားခဲ့သည့် ကျောင်းတော်ကြီး၏ ဂုဏ်ဆောင်နိုင်ခြင်းမှသည် အမိနိုင်ငံတော်၏ဂုဏ်ကို ထွန်းလင်းပြောင်စေသည့် မြန်မာ့လူငယ်များ ဖြစ်အောင် ကြိုးစားသွားကြရမည် ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများမှ ဂုဏ်ထူး ငါးဘာသာနှင့်အထက် အောင်မြင်ခဲ့သူများ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် တပ်မတော်ပညာရေးကျောင်းများ၊ တပ်မတော် အခြေခံပညာကျောင်းများနှင့် ဘက်စုံထူးချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများ၏ ဆုရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ပေးအပ်**

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် အောင်ချက်အကောင်းဆုံး ပထမဆုရရှိသည့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း (မင်္ဂလာဒုံ) အောင်ဆန်းသူရိယလှသောင်းကျောင်း၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် အောင်ချက်အကောင်းဆုံးဒုတိယဆုရရှိသည့် အခြေခံပညာ အထက်တန်းကျောင်း (ရွှေနတ်တောင်)တို့မှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိများကိုလည်းကောင်း။

❖ **ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတွင်လည်း ယုံကြည်ချက် ခံယူချက်ကောင်းများနှင့် ပညာကို ဆက်လက်ကြိုးစားသင်ယူသွားကြရမည်**

❖ **စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ကို နှလုံးသွင်းပြီး အတတ်ပညာများကို ဆည်းပူးသကဲ့သို့ အသိပညာပိုင်းဆိုင်ရာတွင်လည်း အားနည်းမှုမရှိစေအောင် ကြိုးစားအားထုတ်ကြစေလို**

❖ **မိမိတို့၏မိသားစုဂုဏ်၊ ပညာသင်ကြားခဲ့သည့် ကျောင်းတော်ကြီး၏ ဂုဏ်ဆောင်နိုင်ခြင်းမှသည် အမိနိုင်ငံတော်၏ဂုဏ်ကို ထွန်းလင်းပြောင်စေသည့် မြန်မာ့လူငယ်များဖြစ်အောင် ကြိုးစား**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တပ်မတော်ပညာရေးကျောင်းများမှ အောင်ချက်အကောင်းဆုံး တတိယဆုနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် အောင်ချက်အကောင်းဆုံး ပထမဆုတို့ ရရှိသည့် အမှတ်(၂) ပညာရေးကျောင်း (မိတ္ထီလာ)၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အောင်ချက်အကောင်းဆုံး ဒုတိယဆုနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် အောင်ချက်အကောင်းဆုံး တတိယဆုတို့ရရှိသည့် အမှတ်(၅) ပညာရေးကျောင်း (တောင်ငူ)တို့မှ ကျောင်းအုပ်ကြီးများကိုလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **ဘက်စုံပညာထူးချွန်လူငယ်ဆု**ရရှိသည့် ဒုတိယဗိုလ်မှူးကြီး အောင်မင်း၏သား မောင်ဇေလင်းထက်၊ အုပ်ခွဲတပ်ကြပ်ကြီး မင်းအောင်၏သား မောင်ရဲရင့်မင်းထက်၊ ဗိုလ်ကြီးသက်နိုင်ဝင်း (အငြိမ်းစား)၏သမီး မသွန်းပိုးရတီ၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် **ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့်** ဗိုလ်မှူးကြီး ဒေါ်တင်မာရီ၏ သား မောင်ပြေလင်းသန့်၊ ဗိုလ်ကြီး ကျော်ကျော်အောင်(အငြိမ်းစား)၏ သမီး မပန်းပြည့်သခင်၊ ဒုတိယအရာခံဗိုလ်တင်ထွန်း၏ သမီး မယွန်းနဒီအောင်တို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက **ဘက်စုံပညာထူးချွန်လူငယ်ဆု** ရရှိသည့် တပ်ကြပ်ကြီး/စာရေး တင်နိုင်၏ သမီး မရွှန်းလဲ့မောင်၊ ဗိုလ်မှူးကြီး အောင်ကျော်ထွန်း၏ သမီး မမေဆင်းသစ်၊ ဒုတိယအရာခံဗိုလ် သန်းဇော်၏သမီး မရွှေပြည့်လျှံဦး၊ ဒုတိယဗိုလ်မှူးကြီးတင်ဇော်လတ်၏သား မောင်မြတ်မင်းသန့်၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်း ဒေါ်ဆွေဆွေဝင်း၏သမီး မမြတ်မိုးသူ၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် **ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်** ဒုတိယဗိုလ်မှူးကြီးသာမိုး၏သမီး မမိုးပြည့်သစ္စာနိုင်၊ ဒုတိယဗိုလ်မှူးကြီးသာထူးဝင်း၏ သမီး မညီလဲ့နဒီ၊ ဗိုလ်မှူးကြီး မင်းမင်းထွန်း၏သား မောင်ဟိန်းထက်ဇော်၊ ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်ဝင်း၏သား မောင်ရန်နိုင်အောင်၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်း ဦးအောင်မြင့်၏သမီး မယွင်ဝေသာလီတို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**အောင်ချက်အကောင်းဆုံး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တပ်မတော်ပညာရေးကျောင်းများမှ အောင်ချက်အကောင်းဆုံး ပထမဆုရရှိသည့် အမှတ်(၁၁) ပညာရေးကျောင်း (မုံရွာ)၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တပ်မတော်ပညာရေးကျောင်းများမှ အောင်ချက်အကောင်းဆုံး ဒုတိယဆုရရှိသည့် အမှတ်(၉) ပညာရေးကျောင်းတို့မှ ကျောင်းအုပ်ကြီးများကိုလည်းကောင်း၊ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် အောင်ချက်အကောင်းဆုံးတတိယဆုရရှိသည့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(နေပြည်တော်)နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အောင်ချက်အကောင်းဆုံး တတိယဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်း(သိန်နီ)တို့မှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများကို လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်ပြီး **ဘက်စုံပညာထူးချွန်လူငယ်ဆု** ရရှိသည့် အရာခံဗိုလ် သန်းဝင်းခိုင်၏သား မောင်မင်းခန့်သွေး၊ ဗိုလ်ကြီး ကြည်အောင်(အငြိမ်းစား)၏ သမီး မထက်နန္ဒာလင်း၊ ဗိုလ်ကြီး ဝင်းဆွေ(အငြိမ်းစား)၏ သား မောင်ဇင်မိုးမြင့်၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် **ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်** ဗိုလ်မှူးခင်မောင်တင့်၏ သမီး မသိမ့်ရွှန်းလက်၊ ဒုတိယတပ်ကြပ် ကျော်သန်းနိုင်၏သမီး မထက်ဝေဖြိုး၊ ဒုတိယတပ်ကြပ် မျိုးသက်နောင်၏သား မောင်မြင့်မင်းသွင်တို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်က **ဘက်စုံပညာ ထူးချွန်ဆုရရှိသူ** ဗိုလ်မှူးကြီးနေဝင်းအောင်၏ သမီး မမေပီတိအောင်၊ အရာခံဗိုလ် အောင်ကြည်၏သား မောင်ရန်လင်းအောင်၊ ဗိုလ်ကြီးမင်းဝေ (အငြိမ်းစား)၏သမီး မဖူးပြည့်ကိုကို၊ ဒုတိယအရာခံဗိုလ်/စာရေး ဆန်းမင်းဦး၏သမီး မခိုင်ခိုင်မင်းဦး၊ တပ်ကြပ်ကြီး/သားဖွား ဒေါ်မိုးစန္ဒာ၏သမီး မခင်သံသာ၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် **ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်** ဗိုလ်မှူးကြီးဇော်လွင်၏ သမီး မသင်းမြတ်ရတီ၊ ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း၏သမီး မမြင့်မြတ်သွယ်၊ အရာခံဗိုလ် ကြည်စိုး၏သမီး မသန့်ရတီအောင်၊ ဒုတိယအရာခံဗိုလ်/စာရေး မင်းကြည်လေး၏သမီး မသူသူနှင်း၊ ဗိုလ်ကြီး အောင်ရဲထွန်း(အငြိမ်းစား)၏သမီး မမြသက်ချယ်တို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**ခြောက်ဘာသာဂုဏ်ထူးရှင်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ခြောက်ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကို လည်းကောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၏ဇနီးက ခြောက်ဘာသာ ဂုဏ်ထူးရှင်၁၀ ဦးကိုလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ခြောက်ဘာသာ ဂုဏ်ထူးရှင်ကိုးဦးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၏ ဇနီးက ခြောက်ဘာသာ ဂုဏ်ထူးရှင် ၁၀ ဦးကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ် ကြီးမိုးမြင့်ထွန်းက ခြောက်ဘာသာ ဂုဏ်ထူးရှင်၁၀ ဦးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ခြောက်ဘာသာ ဂုဏ်ထူးရှင် ၁၀ ဦးကိုလည်း ကောင်း၊ **စာမျက်နှာ ၆ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဟိန်းသူဟန်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ခြောက်ဘာသာဂုဏ်ထူးရှင် ဗိုလ်လောင်း ဘုန်းမြတ်မင်းအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။



☆ စာမျက်နှာ ၅ မှ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၏ ဇနီးက ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦးကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦးကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ဇနီးက ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦးကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦးကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦးကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦး ကို လည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ငါးဘာသာဂုဏ်ထူးရှင် ကိုးဦးကို လည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၏ ဇနီးက ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦးကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်က ငါးဘာသာဂုဏ်ထူးရှင် ကိုးဦးကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)ဗိုလ်ချုပ်ကြီး မိုးအောင်၏ဇနီးက ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၏ ဇနီးက ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးက ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)က ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက နှစ်ဘာသာဂုဏ်ထူးရှင် စစ်သည် ခြောက်ဦးကို လည်းကောင်း ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ကြသည်။



ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ဘက်စုံပညာထူးချွန်ဆုရ မရွှေပြည့်လျှံဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။

❖ ယနေ့အခမ်းအနား တက်ရောက်သည့် ငါးဘာသာဂုဏ်ထူးနှင့်အထက် အောင်မြင်သည့် ကျောင်းသား ကျောင်းသူများသာမက တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၂၉၀၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၇၉၀၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၄၂၇ ဦး၊ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၂၇၄ ဦး၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ စစ်သည် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ စစ်သည် ၁၃၄ ဦး၊ ဘက်စုံထူးချွန်လူငယ် ၁၇ ဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းများတွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ တက္ကသိုလ်ပညာသင်ဆုရရှိသူ ၈၅ ဦး စုစုပေါင်း ၄၆၄၈ ဦးတို့ကိုလည်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် ချီးမြှင့်ပေးသွားမည်

ဆုများ ပေးအပ်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များ ကိုယ်စားဘက်စုံပညာထူးချွန်ဆုရ မရွှေပြည့်လျှံဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**တည်ခင်းဧည့်ခံ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဆရာ ဆရာမများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း မြဝတီခေတ်ပေါ်တေးဂီတအဖွဲ့က လူငယ်ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေပွဲ အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များက ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများနှင့် စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏ သားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် စစ်သည် ၁၇၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့်စစ်သည် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ကျောင်းသား ကျောင်းသူ ၃၁၉၅ ဦး၊ တက္ကသိုလ်ပညာလူငယ် ထူးချွန်ဆုရရှိသူ ၂၀၃ ဦး၊ နိုင်ငံတော်အဆင့် ကာတွန်း၊ ပန်းချီ၊ စာစီစာကုံး၊ ဆောင်းပါးပြိုင်ပွဲတို့တွင် ဆုရရှိသူ ၂၉ ဦးနှင့် တက္ကသိုလ်ပညာသင်ဆုရရှိသူ ၄၈၉ ဦး၊ စုစုပေါင်း ၄၀၉၇ ဦးကို နေပြည်တော်တွင် အခမ်းအနားဖြင့်လည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၅၄၀၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၁၅၃၆ ဦး စုစုပေါင်း ၆၉၃၉ ဦးကို တိုင်းစစ်ဌာနချုပ်များတွင် အဝေးရောက်ဂုဏ်ပြုဆုများဖြင့် လည်းကောင်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးခဲ့ပြီးဖြစ်သည်။

ယနေ့အခမ်းအနားတက်ရောက်သည့် ငါးဘာသာဂုဏ်ထူးနှင့် အထက် အောင်မြင်သည့် ကျောင်းသား ကျောင်းသူများ သာမက တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၂၉၀၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၇၉၀၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၄၂၇ ဦး၊ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၂၇၄ ဦး၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ စစ်သည် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ စစ်သည် ၁၃၄ ဦး၊ ဘက်စုံ ထူးချွန်လူငယ် ၁၇ ဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းများတွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ တက္ကသိုလ် ပညာသင်ဆုရရှိသူ ၈၅ ဦး စုစုပေါင်း ၄၆၄၈ ဦးတို့ကို လည်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

**လေ့လာရေးခရီးစဉ်များ စေလွှတ်**

ထို့ပြင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို နိုင်ငံတကာဗဟုသုတ တိုးပွားစေရန်၊ နိုင်ငံတကာယဉ်ကျေးမှုနှင့် အသိပညာများ သိရှိစေရန် ရည်ရွယ်၍ ပြည်ပနိုင်ငံများသို့ နှစ်စဉ်လေ့လာရေးခရီးစဉ်များ စေလွှတ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများအနက် အမှတ်အများဆုံးရရှိခဲ့သူ ၃၀၊ စစ်သည် သုံးဦး၊ အောင်ချက်အကောင်းဆုံး တပ်မတော်အခြေခံပညာအထက်တန်းကျောင်းနှင့် တပ်မတော်ပညာရေးကျောင်းတို့မှ ကျောင်းအုပ်ချုပ်သူအရာရှိနှစ်ဦးတို့ကိုလည်း စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ လေ့လာရေးခရီးစဉ်များ စေလွှတ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အထက်ပေါင်းလောင်းနှင့် အောက်ပေါင်းလောင်းတို့ကို အဆင့်ဆင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေသကဲ့သို့ အလယ်ပေါင်းလောင်းစီမံကိန်း ၁၆၆ မဂ္ဂါဝပ်ကိုလည်း ထပ်မံထုတ်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၂၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**အဆင့်ဆင့်ထုတ်လုပ်နိုင်ရေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ဓာတ်အားပေးစက်ရုံမှူးက လုပ်ငန်းများဆောင်ရွက်နေမှုကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက အထက်ပေါင်းလောင်း မဂ္ဂါဝပ် ၁၄၀၊ နန်ချို မဂ္ဂါဝပ် ၄၀ နှင့် အောက်ပေါင်းလောင်းမဂ္ဂါဝပ် ၂၈၀ တို့ကို အဆင့်ဆင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေသကဲ့သို့ အလယ်ပေါင်းလောင်းစီမံကိန်း ၁၆၆ မဂ္ဂါဝပ်ကိုလည်း ထပ်မံထုတ်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိသည့်အပြင် Hydromatrix အနိမ့်တမံစနစ်ဖြင့်လည်း ထပ်မံထုတ်လုပ်ရန်စီမံဆောင်ရွက်လျက်ရှိကြောင်း၊

အလားတူ ဒုဋ္ဌဝတီမြစ်ဝှမ်းတွင်လည်း အထက်ရဲရွာစီမံကိန်းမဂ္ဂါဝပ် ၂၈၀၊ ရဲရွာစီမံကိန်းမဂ္ဂါဝပ် ၇၉၀ တို့ကိုလည်း အဆင့်ဆင့်ထုတ်လုပ်နေသကဲ့သို့ နမ္မတူ သီပေါစီမံကိန်း မဂ္ဂါဝပ် ၂၁၀၊ အလယ်ရဲရွာစီမံကိန်း ၇၃၅ မဂ္ဂါဝပ်နှင့် ဒီးဒုတ်စီမံကိန်း မဂ္ဂါဝပ် ၆၀ တို့ကို ထပ်မံထုတ်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ယခင်ကဖြစ်မြောက်နိုင်စွမ်းတိုင်းတာပြီး ဆွေးနွေးနေဆဲဖြစ်သော သံလွင်မြစ်ဝှမ်းစီမံကိန်းများ၊ ဧရာဝတီမြစ်ဝှမ်းစီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဓာတ်အားပေးစက်ရုံများသည် နိုင်ငံတော်အတွက်အရေးကြီးသည့် စက်ရုံကြီးများဖြစ်သည့်အတွက် စက်ရုံရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်နှင့် လုံခြုံရေးအထူးဂရုပြု ဆောင်ရွက်သွားရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားထိန်းချုပ်ခန်းအတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးနေမှု၊ တာဘိုင်ခန်းအတွင်း စက်များမောင်းနှင်နေမှု၊ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေယူအဆောက်အအုံ၊ ရေပိုလွှဲနှင့် RCC ကွန်ကရစ်တမံကြံ့ခိုင်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အရှေ့ဘက် ၂၆ မိုင်အကွာရှိ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ရှိပြီး စက်တပ်ဆင်အင်အားမှာ ၇၀ မဂ္ဂါဝပ် ထွက်ရှိသော ဖရန်စစ်တာဘိုင်အမျိုးအစားစက်နှစ်လုံးဖြင့် စုစုပေါင်းစက်တပ်ဆင်အင်အား ၁၄၀ မဂ္ဂါဝပ်ထွက်ရှိကာ တစ်နှစ်ထုတ်လုပ်နိုင်မှုမှာ ၄၅၄ ကီလိုဝပ် နာရီသန်းပေါင်းဖြစ်ပြီး ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာသော ဓာတ်အားများကို ၂၃၀ ကေဗွီ ဓာတ်အားလိုင်းဖြင့် နန်ချိုဓာတ်အားပေးစက်ရုံနှင့် ပေါင်းလောင်းဓာတ်အားပေးစက်ရုံများမှတစ်ဆင့် ပျဉ်းမနားခွဲရုံသို့ ပို့လွှတ်ကာ နိုင်ငံတော်ဓာတ်အားစနစ်သို့ စက်စွမ်းအားပြည့်ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသဖြင့် လက်ရှိအခြေအနေတွင် ရေဝင်ရောက်မှုနည်းသော်လည်း လာမည့်နွေရာသီအမီ လျှပ်စစ်ဓာတ်အား လိုအပ်ချက်အားပြည့်မီအောင် ရေလှောင်တမံအတွင်းသို့ စီးဝင်လာသည့်ရေကို သိုလှောင်စုဆောင်းပြီး စနစ်တကျစီမံ၍ တစ်နှစ်ပတ်လုံး ဓာတ်အားစဉ်ဆက်မပြတ် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ကျင်းပ

**ထန်းတပင် ဇူလိုင် ၂၃**

တောင်သူများ စပါးအထွက်နှုန်းများ တိုးတက်မြင့်မားလာစေရေးနှင့် ဝင်ငွေများတိုးတက်လာစေရန် ရည်ရွယ်ကာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ရွှေဇာခြည်ကုမ္ပဏီတို့ ပူးပေါင်း၍ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရေဖြူကျေးရွာအုပ်စု ညောင်သုံးပင်ကျေးရွာရှိ ရွှေဇာခြည် စပါးအခြောက်ခံစက်ရုံခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဆန်းထွန်းဝင်းတို့က အဖွင့်အမှာစကားပြောကြားပြီး ရွှေဇာခြည်ကုမ္ပဏီနှင့် ဂရိတ်ဝေါလ်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက တောင်သူများနှင့် အကျိုးတူဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် မျိုးစပါးများအကြောင်းတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ မြေမျိုးပိုး တာဝန်ခံများက နည်းပညာပေး ဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသည့် ဒေသခံ တောင်သူများကလည်း မိမိတို့သိရှိလိုသည့် အကြောင်းအရာများနှင့် ပတ်သက်၍ မေးမြန်းခဲ့ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်၍ ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# လှော်ကားငါးလုပ်ငန်းစခန်း၌ ရေချိုငါးများ ဆေးထိုးသားဖောက်နည်းနှင့် GAqP သင်တန်းများ ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လှော်ကားငါးလုပ်ငန်းစခန်း၌ ရေချိုငါးများဆေးထိုးသားဖောက်နည်းနှင့် ကောင်းမွန်သော ရေနေသတ္တဝါများ မွေးမြူရေးကျင့်စဉ် (Good Aquaculture Practices – GAqP) ဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်ရွှေက ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်သည် ရေသတ္တဝါများ မွေးမြူထုတ်လုပ်ရာတွင် နိုင်ငံအဆင့်နှင့် နိုင်ငံတကာ အစားအစာ ဘေးအန္တရာယ်ကင်းစင်မှု စံချိန်စံညွှန်းများနှင့်အညီ ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသော မွေးမြူထုတ်လုပ်မှုကျင့်စဉ်ဖြစ်ပါကြောင်း၊ ငါး၊ ပုစွန်များမွေးမြူရာတွင် လိုက်နာရမည့် အခြေခံမူ(၄) ချက်နှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို လေ့လာသင်ယူပြီး ငါးမွေးမြူသူများအနေဖြင့် ငါးမွေးမြူခြင်းနှင့် ငါးဆေးထိုးသားဖောက်ခြင်း နည်းပညာများကို အခြေခံမှ စီးပွားဖြစ်မွေးမြူထုတ်လုပ်နိုင်သည်အထိ လေ့လာသင်ယူစေလိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကာလမှာ စာတွေ့လက်တွေ့ သုံးရက်တာ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ စာပေအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၃**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် စာပေအဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ရုံးခန်းတွင် ပြုလုပ်ရာ ကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာကလပ်၊ မြန်မာနိုင်ငံ အားကစားသတင်းမီဒီယာအဖွဲ့ချုပ်တို့မှဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

**ဆွေးနွေးပြောကြား**

အစည်းအဝေးတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌက ယနေ့မျက်မှောက်ကာလတွင် ဖြစ်ပေါ်နေသည့် သတင်းအမှန်များနှင့် သတင်းအတုသတင်းမှားများကို သတင်းမီဒီယာသမားများ၊ သတင်းဌာနများအနေဖြင့် မှန်ကန်စွာ သုံးသပ်အတည်ပြုဖြန့်ချိနိုင်ရေး၊ ပြည်သူတို့ထံ သတင်းအမှန်များ အချိန်မီ ရောက်ရှိနိုင်ရေး၊ ပြည်သူများ စိုးရိမ်ထိတ်လန့်စေမည့် လုပ်ကြံသတင်းများကို အမှန်အတိုင်းသိရှိနိုင်အောင် မိမိတို့သတင်းဌာနများမှ တစ်ဆင့် ဖော်ထုတ်တင်ပြနိုင်ရေး၊ သတင်းမီဒီယာသမားများလိုအပ်သည့် အကူအညီများရှိပါက ကောင်စီသို့ ညှိနှိုင်းတင်ပြရေးများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် အသင်းအဖွဲ့များက မိမိတို့အသင်းအဖွဲ့များအလိုက် လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးကြသည်။

ဆွေးနွေးချက်များအပေါ် ဥက္ကဋ္ဌက ပြန်လည်ညှိနှိုင်းအကြံပြု ဆွေးနွေးပေးပြီးနောက် ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စာပေအဖွဲ့အစည်းအသီးသီးသို့ အရင်းမပျောက်မတည်ငွေကျပ် သိန်း ၁၀၀၀ ထောက်ပံ့ကူညီလှူဒါန်းခဲ့ပြီးဖြစ်ရာ အဆိုပါ ထောက်ပံ့ငွေများကို မူလအလှူရှင်၏ ရည်မှန်းချက်အတိုင်း မိမိတို့အသင်းအဖွဲ့များအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရေး စနစ်တကျအသုံးပြုသွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော် လုံးတော်ပြည့် မျက်ပါးရွှေသင်္ကန်း၊ ကြာမှောက်ကြာလှန်အထက်ပိုင်း ရွှေစင်ရွှေသားရွှေပြားသင်္ကန်းနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ငါးဆူ မျက်ပါးရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းအောင်ပွဲ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် လုံးတော်ပြည့် မျက်ပါးရွှေသင်္ကန်း၊ ကြာမှောက်ကြာလှန်အထက်ပိုင်း ရွှေစင်ရွှေသားရွှေပြားသင်္ကန်းနှင့်ဗုဒ္ဓရုပ်ပွားတော်မြတ်ငါးဆူ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းအောင်ပွဲ ရေစက်ချအလှူမင်္ဂလာ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါစေတီတော်အတွင်း၌ ကျင်းပသည်။



### တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အမှူးပြုသည့် စေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်ကြီးများက စေတီတော်အတွင်းရှိ ဂေါတမရုပ်ပွားတော်မြတ်ရှေ့တွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒထံမှ ညွှန့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်အရှင်မြတ်တို့ ရွတ်ပွားတော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော ရွှေစင်ရွှေသား ရွှေပြားသင်္ကန်း အလှူတော်ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက လက်ခံရယူသည်။

ထို့နောက် ဦးသိန်းဝင်း-ဒေါက်တာဒေါ်နီနီ သားသမီးမြေးတစ်စု ရွှေသံလွင်ကုမ္ပဏီ SKY NET မိသားစုက ရွှေစင်ရွှေသားရွှေပြား သင်္ကန်းအလှူတော်ငွေကျပ် ၈၅၅၀၀၀၀ ကို ရွှေသံလွင်ကုမ္ပဏီမှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

### လျှောက်ထားတင်ပြ

ယင်းနောက်ရေစက်ချအလှူမင်္ဂလာပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက အလှူပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ(မြင်းခြံ)ထံမှ ညွှန့်ပရိသတ်များက အနုမောဒနာတရား နာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

သတင်းစဉ်

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး လှိုင်သာယာမြို့နယ် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့ နံနက် ၇ နာရီတွင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် သုမင်္ဂလာလမ်း (၁၉)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲ အမှတ်(၁၅) အခြေခံပညာအလယ်တန်းကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းအင်အားဖြင့် ကျောင်းရှေ့ရေမြောင်းများအတွင်း အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းခြင်း၊ မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် စာသင်ခန်းများအတွင်း ခြင်ဆေးမှုတ်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်-ညောင်တုန်းလမ်းမကြီးဘေး လှိုင်သာယာပန်းခြံအတွင်း မြက်ပင်များ ခုတ်ထွင်ရှင်းလင်းနေမှု၊ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ အလုံမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဥပဒေချုပ် ဦးဌေးအောင်နှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကျောင်းဘောလုံးကွင်း ပြုပြင်ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရတနာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၌ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လုပ်ငန်းလျာထားချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ထို့နောက် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်တင်က လုပ်ငန်းများဆောင်ရွက်နေမှုကို လည်းကောင်း၊ မြို့နယ်အလိုက် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများက စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကချင်ပြည်နယ်တရားလွှတ်တော်၌ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် မိတ်ဆက်ရှင်းလင်း

မြစ်ကြီးနား ဇူလိုင် ၂၃

ကချင်ပြည်နယ်တရားလွှတ်တော်က တရားမမှုများနှင့်ပတ်သက်၍ တရားရုံးက ထိရောက်မြန်ဆန်သော တရားရုံးအငြင်းပွားမှု ဖြေရှင်းရေးစနစ်များ သတ်မှတ်ဆောင်ရွက်ရန် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို ဩဂုတ် ၁ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက ပြည်နယ်တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ပြောကြား

ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာက တရားမမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အရည်အသွေးမြင့် တရားမျှတမှုကို လူတိုင်းသို့ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်နှင့် တရားရုံးက ထိရောက်မြန်ဆန်သော တရားရုံးအငြင်းပွားမှုဖြေရှင်းရေးစနစ်များ သတ်မှတ်ဆောင်ရွက်ရန်၊ မဟာဗျူဟာစီမံကိန်းရည်မှန်းချက်အရ ယခုတရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်တရားရေးဦးစီးမှူး ဦးခင်မောင်မြင့်နှင့် စေ့စပ်ဖြေရှင်းရေးအရာရှိ ဒေါ်သီတာအောင်တို့က တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး လုပ်ငန်းစဉ်အကြောင်းအရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ်များမှ တရားသူကြီးများနှင့် ရှေ့နေများက စေ့စပ်ဖြေရှင်းရေးစနစ်နှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ဖြည့်စွက်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ယနေ့မိတ်ဆက်ရှင်းလင်းသည့် စေ့စပ်ဖြေရှင်းရေးစနစ်အတွက် တရားလွှတ်တော်ကတရားမမှုများအား စေ့စပ်ဖြေရှင်းပေးနိုင်ရန် ကချင်ပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနကို ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီး တရားမမှုစွဲဆိုပြီးနောက် အမှုကိုမစစ်ဆေးမီကာလအတွင်း စေ့စပ်ဖြေရှင်းရေးအရာရှိက အမှုသည်များအကြား အမှန်တကယ် အငြင်းပွားလျက်ရှိသော အကြောင်းအရာကိုဖော်ထုတ်၍ နှစ်ဖက်လက်ခံကျေနပ်နိုင်သည့် သဘောတူညီချက်ရရှိစေရန် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

☆ ကျောဖုံးမှ

- ပထမကန့်ကွက်လွှာအနေဖြင့် ဂမ်ဘီယာနိုင်ငံသည် အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(The Organization of Islamic Cooperation – the OIC)အတွက် အမည်ခံ၍ ဤအမှုကိစ္စကို တရားစွဲဆိုတင်သွင်းခဲ့ခြင်းဖြစ်သဖြင့် အမှုအသွားအလာအားလုံး၏ အမှန်စင်စစ် တရားစွဲဆိုသည့် တရားလိုသည် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သော အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဖြစ်ကြောင်း၊
- ဒုတိယကန့်ကွက်လွှာအနေဖြင့် ဂမ်ဘီယာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် လူမျိုးသုဉ်းစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ်၏ အပိုဒ် ၉ အရ နစ်နာသည့်နိုင်ငံ မဟုတ်သည့်အတွက် အမှုကို တရားစွဲဆိုနိုင်သည့် အနေအထားမရှိကြောင်း၊
- တတိယကန့်ကွက်လွှာအနေဖြင့် မြန်မာနိုင်ငံက စာချုပ်၏ အပိုဒ် ၈ ကို ခြွင်းချက်ပြုထားခြင်းကြောင့် ဂမ်ဘီယာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုခြင်း မပြုနိုင်ကြောင်း၊
- စတုတ္ထကန့်ကွက်လွှာအနေဖြင့် မြန်မာနိုင်ငံနှင့် ဂမ်ဘီယာနိုင်ငံ နှစ်နိုင်ငံကြားတွင် အငြင်းပွားမှု တစ်စုံတစ်ရာမရှိသည့်အတွက် ၎င်း၏လျှောက်ထားချက်ကို အပြည်ပြည်ဆိုင်ရာတရားရုံးအနေဖြင့် လက်မခံသင့်ကြောင်း စသည်တို့ကို တင်ပြခဲ့သည်။

မြန်မာနိုင်ငံ၏ ကနဦးကန့်ကွက်လွှာနှင့် ပတ်သက်သည့် ကြားနာမှုကို နယ်သာလန်နိုင်ငံ၊ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၈ ရက်နေ့အထိ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ် (Agent) ဖြစ်သော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် အလှည့်ကျကိုယ်စားလှယ်(Alternate Agent)ဖြစ်သော ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက နိုင်ငံတကာရှေ့နေများနှင့်အတူ တက်ရောက်ချေပ လျှောက်လဲခဲ့သည်။

မြန်မာနိုင်ငံ၏ ကနဦးကန့်ကွက်လွှာသည် ဥပဒေကြောင်းအရလည်းကောင်း၊ အချက်အလက်ကြောင်းအရလည်းကောင်း ပြည့်စုံခိုင်လုံမှုရှိသည်ဟု ယုံကြည်သည်။ အပြည်ပြည်ဆိုင်ရာတရားရုံး၏ တရားသူကြီးတစ်ဦးဖြစ်သူ Judge Xue Hanqin က အပြည်ပြည်ဆိုင်ရာတရားရုံးက တရားစီရင်ခွင့်ရှိကြောင်းနှင့် ဂမ်ဘီယာနိုင်ငံက တရားစွဲဆိုခွင့်ရှိကြောင်း ဆုံးဖြတ်ချက်ကို ကန့်ကွက်မဲပေးခဲ့ပြီး ကွဲလွဲသည့် သုံးသပ်ဆုံးဖြတ်ချက်ကို တင်သွင်းခဲ့သည်ကိုလည်း မြန်မာနိုင်ငံအနေဖြင့် မှတ်သားမိသည်။ မြန်မာနိုင်ငံအနေဖြင့် မိမိတင်သွင်းခဲ့သည့် ကနဦးကန့်ကွက်ချက်များကို အပြည်ပြည်ဆိုင်ရာတရားရုံးက ပယ်ချခဲ့သည်ကို စိတ်ပျက်မိသည်။ ထို့အတူ တရားရုံးအနေဖြင့် အဆိုပါကိစ္စရပ်အပေါ် အဆုံးအဖြတ်ပေးခဲ့ပြီး ဖြစ်သည်ကို မြန်မာနိုင်ငံအနေဖြင့် မှတ်သားထားရှိသည်။ ထိုဆုံးဖြတ်ချက်သည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အရင်းအမြစ်ဖြစ်သွားမည်ဖြစ်သကဲ့သို့ နောင်လာမည့်အမှုများအတွက် သာဓကအမှုဖြစ်သွားမည်ကိုလည်း မြန်မာနိုင်ငံအနေဖြင့် သတိပြုမိသည်။

မြန်မာနိုင်ငံအနေဖြင့် စာချုပ်ကို လက်ခံအတည်ပြုစဉ်က ကြေညာခဲ့သည့် ရပ်တည်ချက်ကို ထပ်လောင်းအတည်ပြုပြီး၊ စာချုပ်တွင် ပါရှိသော ကတိကဝတ်များကို မည်သည့်အခါမျှ ဖောက်ဖျက်ကျူးလွန်ခြင်းမရှိဘဲ လေးစားလိုက်နာလျက်ရှိသည်။ တစ်ချိန်တည်းတွင် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အစွမ်းကုန်ကြိုးပမ်းလျက် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန
၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်

# သန့်ရှင်းသာယာသော မြို့/ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၃

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာ လှပရေးကို ဆောင်ရွက်လျက်ရှိကြသည်။



ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နှင့် မိုးနဲမြို့တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့အပါအဝင် မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ် အပါအဝင် မြို့နယ် လေးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ် ၁၄ မြို့နယ်၊ အနောက်ပိုင်းခရိုင်ရှိ မြို့နယ် ၁၂ မြို့နယ်၊ တောင်ပိုင်းခရိုင်ရှိ မြို့နယ် ၁၀ မြို့နယ်၊ မြောက်ပိုင်းခရိုင်ရှိ မြို့နယ် ကိုးမြို့နယ်တို့၌ လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့အပါအဝင် မြို့နယ် လေးမြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် မြို့နယ် ခုနစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၊ ပခုက္ကူမြို့နယ်နှင့် ချင်းပြည်နယ် ဟားခါးမြို့တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ အခြေခံပညာ ကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကြံခင်းမြို့နယ်၌ အမှိုက်ခွဲခြားစွန့်ပစ်တတ်စေရန် လက်တွေ့သရုပ်ပြ အသိပညာပေးဟောပြော

ကြံခင်း ဇူလိုင် ၂၃

ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းပြီး မြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး စည်းကမ်းတကျ အမှိုက်များစွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများရှိလာစေရန် ရည်ရွယ်ပြီး ယမန်နေ့နံနက်ပိုင်းက (အမက)အင်းလပ်အရှေ့ကျောင်းခန်းမ၌ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုမရှိစေရေးနှင့် အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်တတ်စေရန် လက်တွေ့သရုပ်ပြ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

**အသိပညာပေး**

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်က ကျောင်းသား ကျောင်းသူများကို မိမိ၏ ကျောင်း၊ ရပ်ကွက်နှင့် မြို့ရွာများတွင် စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ရန်နှင့် သတ်မှတ်နေရာများတွင် စွန့်ပစ်ရေးကို လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးမြင့်အောင်က မိမိပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး အမှိုက်များ ခွဲခြားစွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်စေရေးကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ စည်းကမ်းတကျ အမှိုက်စွန့်ပစ်တတ်စေရန် အမှိုက်စို၊ အမှိုက်ခြောက်များကို လက်တွေ့သရုပ်ပြ ခွဲခြားစွန့်ပစ်ခြင်း အစီအစဉ်ပြုလုပ်ပြီး တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

အလားတူ အမက ရွှေတောင်စုကျောင်း စာသင်ခန်း၌ မွန်းလွဲပိုင်းတွင် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဌေးမြင့်အောင်က စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရေးနှင့် အမှိုက်အမျိုးအစား စနစ်တကျ ခွဲခြားတတ်စေရန် ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့(တာဝန်ခံ) အင်ဂျင်နီယာ ဦးကျော်မြင့်နိုင်က ကျောင်းသား ကျောင်းသူများအား အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်နိုင်ရန် အမှိုက်စို၊ အမှိုက်ခြောက်၊ အန္တရာယ်ရှိစေနိုင်သော အမှိုက်များကို ခွဲခြားပြသပြီးနောက် ကျောင်းသား ကျောင်းသူများက လက်တွေ့သရုပ်ပြကြရာ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# လက်ပံတန်းမြို့နယ်၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်ဆိုင်ရာ နည်းပညာပေးသင်တန်းဖွင့်လှစ်

လက်ပံတန်း ဇူလိုင် ၂၃

လက်ပံတန်းမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)ဆိုင်ရာ နည်းပညာပေးသင်တန်းကို သာရဝေါကျေးရွာအုပ်စု သာရဝေါကျေးရွာတွင် ဇူလိုင် ၂၁ ရက်က ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားရာ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာ အစားအစာဘေးအန္တရာယ်ကင်းစင်မှု စံချိန်စံညွှန်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အစားအစာဘေးကင်းလုံခြုံမှုသေချာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေသတ္တဝါများ မွေးမြူထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ သေချာစွာ စီမံချက်ချ၍ မွေးမြူရမည်ဖြစ်သဖြင့် ယခုကဲ့သို့ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ဝန်ထမ်းများက ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ သင်တန်းပို့ချပေးသည်။ သင်တန်းသို့ ငါးမွေးတောင်သူ ၃၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဥတုရာသီ တောကိုမှီ၏

# ဆီစားသုံးမှုလျှော့ချရေးနှင့် ဘေးကင်းလုံခြုံသောဆီများဝယ်ယူသုံးစွဲ

မေယု-မျိုးအောင် (MANA)

မြန်မာနိုင်ငံ၏စားသုံးမှုပုံစံဓလေ့အရ ဆီစားသုံးမှုမှာ ပိုမိုများပြားလျက်ရှိရာ နိုင်ငံခြားငွေများစွာ အသုံးပြုတင်သွင်းရသဖြင့် သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိသည်ကို တွေ့ရသည်။ စားသုံးဆီများတွင် ပြည့်ဝဆီနည်းခြင်းက ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်ရာ ဆီများကို ဓာတ်ခွဲစစ်ဆေးထုတ်ပြန်ချက်အရ နှမ်းဆီ၊ နေကြာဆီ၊ ပန်းနှမ်းဆီ၊ ပဲပုပ်ဆီများက ပြည့်ဝဆီအနည်းဆုံးဖြစ်ပြီး စားအုန်းဆီက ပြည့်ဝဆီအများဆုံးအဖြစ်သည်ကို တွေ့ရသည်။ သတ်မှတ်အရည်အသွေးဖြင့် ပြည်ပမှတင်သွင်းခွင့်ပြုထားခြင်းဖြစ်၍ စားသုံးရန်မသင့်သည့်ဆီမဟုတ်ဘဲ ကျန်းမာရေးမထိခိုက်စေသော သန့်ရှင်းသောဆီ ဖြစ်စေရေးအတွက် သိုလှောင်သယ်ယူထုပ်ပိုးသည့်နေရာများ၊ လက်လီရောင်းချသည့်နေရာများ အဆင့်ဆင့်တွင် သန့်ရှင်းမှုရှိအောင် ဆောင်ရွက်ရန် လိုအပ်သည်။




### ဈေးကွက်အတွင်း တံဆိပ်ကပ်ကြော်ငြာရောင်းချ

ဆီစားသုံးမှု များပြားနေမှုကို အကြောင်းပြု၍ စားသုံးဆီတင်သွင်းရောင်းချသူများ၊ ထုတ်လုပ်ဖြန့်ဖြူးသူများက စားသုံးသူများထင်ယောင်ထင်မှားဖြစ်စေသည့် သို့မဟုတ် အခြေခံလိုအပ်ချက်အပေါ်တွင် စိတ်ကျေနပ်မှုရှိစေရေးအတွက် လုပ်ဆောင်လာကြသည်။ မည်သည့်အပင်၏အစေ့မှ ထုတ်လုပ်ထားသည့်ဆီဖြစ်ကြောင်း တိတိကျကျမဖော်ပြဘဲ ဟင်းသီးဟင်းရွက်ဆီဖြစ်ကြောင်းကို အသီးအရွက်ပုံများဖော်ပြကာ ဈေးကွက်အတွင်း တံဆိပ်ကပ်ကြော်ငြာရောင်းချနေသည်ကို တွေ့မြင်နေကြရသည်။ ဖြန့်ဖြူးရောင်းချသည့် ဟင်းသီးဟင်းရွက်ဆီအမျိုးအစားနှင့်စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသားကို တိကျစွာဖော်ပြခြင်းမပြုသည့်အပြင် အချို့သောကြော်ငြာများက မိမိတို့၏ဆီသည် မပြည့်ဝဆီအမျိုးအစားဖြစ်ပြီး ကိုလက်စထရောမပါဝင်ကြောင်း အာမခံရောင်းချလျက်ရှိသည်။

စားသုံးသူရေးရာ ဦးစီးဌာနက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းအဖွဲ့များသည် ဆီစက်များ၊ ဆီဆိုင်များကို ကွင်းဆင်းစစ်ဆေးပြီး ဆီစက်မရှိဘဲ တံဆိပ်ကပ်ရောင်းချနေသောဆီများ၊ လိုအပ်သည့် အထောက်အထားမပါရှိသောဆီများကိုစစ်ဆေးရန် ဓာတ်ခွဲခန်းသို့ပို့၍ စားသုံးရန်မသင့်အဖြေထွက်ပါက တားမြစ်သိမ်းဆည်း ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်ကို ကြားသိရသည်။ ဈေးများအတွင်းတွင် ဆီများကို ခွက်ခြင်ဖြင့် ရောင်းချသူများသည်လည်း မိမိရောင်းချသောဆီများဖြစ်သည့် စားအုန်းဆီ၊ မြေပဲဆီများကို မည်သည့်ဆီစက်၊ မည်သည့်လက်ကားဆိုင်များက ဝယ်ယူသည်ဆိုသည့် ပြေစာမှတ်တမ်းထားရှိရန်၊ ရောနှောဆီကို စားသုံးသူတောင်းဆိုချက်အရ ကျေနပ်မှ မှန်ကန်သောအချိုးအစားဖြင့် ရောနှောပေးရန်၊ ကုန်အညွှန်းအမှတ်အသားတွင် ပါဝင်ရမည့်အချက်များ ပြည့်စုံစွာဖော်ပြပါရှိရမည်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနက အသိပေးလျက်ရှိသည်။

### မကူးစက်နိုင်သောရောဂါများဖြစ်ပေါ်

မြန်မာနိုင်ငံသည် စားသုံးသူအများစုက အရည်အသွေးမပြည့်မီသည့် ဆီများစားသုံးခြင်း၊ ဆီကို စားသုံးသင့်သည့် ပမာဏထက် ကျော်လွန်စားသုံးခြင်းကြောင့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပေါ်နေရသည်။ စားအုန်းဆီကို မြေပဲ၊ နှမ်း ဓာတုအနံ့များထည့်သွင်းကာ မြေပဲဆီ၊ နှမ်းဆီအဖြစ် လိမ်လည်ရောင်းချခြင်း၊ ကျန်းမာရေးအတွက်အန္တရာယ်ရှိသည့် မသန့်စင်ရသေးသည့် ဝါစေ့ဆီအနီရောင်ကို အရောင်လှအောင်ရောစပ်၍ နှမ်းဆီအဖြစ် ရောင်းချခြင်း၊ ရောဆီ၊ စပ်ဆီဟုဆိုကာ မြေပဲဆီနှင့် စားအုန်းဆီများကို ရောနှောထားပြီး ပါဝင်ပစ္စည်းဖော်ပြရာတွင် ဆီအမျိုးအစားနှင့် ရာခိုင်နှုန်းကို မှန်ကန်စွာ ဖော်ပြမှုမရှိဘဲ မြေပဲဆီပါဝင်မှုရာခိုင်နှုန်းကို ပိုမိုဖော်ပြပြီး ဈေးနှုန်းတိုးမြှင့်ရောင်းချခြင်း၊ ဆီသန့်အသစ်သုံးရမည့်အစား ပြန်ကြော်ဆီများကို ပြန်လည်သုံးစွဲခြင်း စသည့်နည်းကို အသုံးပြုလျက်ရှိသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသည့် ဆီထွက်သီးနှံအားလုံးကို စားဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်မည်ဆိုလျှင် ဆီဖူလုံမှုရှိမည်ဖြစ်သော်လည်း မြေပဲနှင့် နှမ်းသည် ပြည်ပဝယ်လိုအားများ ပြည်ပပို့ကုန်ဖြစ်ခြင်းကြောင့် ပြည်တွင်းဆီလိုအပ်ချက်အတွက် စားအုန်းဆီကို တင်သွင်းဖြည့်ဆည်းရလျက်ရှိသည်။ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုန်ညှင်း၊ ပဲပုပ်တို့သည် ဒေသမရွေး စိုက်ပျိုးနိုင်မှုမရှိခြင်း၊ နှမ်းနှင့် မြေပဲသည် ပြည်ပဝယ်လိုအားအပြင် မုန့်လုပ်ငန်းအသုံးပြုမှုများလည်း ရှိခြင်းတို့ကြောင့် တစ်နှစ်ထက်တစ်နှစ် ဈေးနှုန်းမြင့်တက်လျက်ရှိသည်။ ဈေးအမြင့်ကို စားသုံးသူအများစုက ဝယ်ယူစားသုံးနိုင်ခြင်းမရှိတော့ဘဲ လေးပုံတစ်ပုံခန့် ဈေးသက်သာသည့် စားအုန်းဆီ သို့မဟုတ် ရောနှောဆီများကို ဝယ်ယူစားသုံးနေကြရသောအခါ ပြည်တွင်းဆီစက်လုပ်ငန်းများသည် လည်ပတ်နိုင်မှုအားလျော့သွားသည့် အခြေအနေကို ကြုံတွေ့ရလျက်ရှိသည်။ မြန်မာနိုင်ငံတွင် အစားအသောက်နှင့်ပတ်သက်၍ ၁၉၇၂ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ၊ အမျိုးသား အစားအသောက်ဥပဒေ (၁၉၉၅)၊ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၃) နှင့် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) တို့ကိုပြဋ္ဌာန်းထားကြောင်းလည်း သိရသည်။ စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးကဏ္ဍအပြင် စားသုံးသူကာကွယ်ရေးကဏ္ဍမှလည်း ဥပဒေဖြင့် အကာအကွယ်ပေးရေး ဆောင်ရွက်လျက်ရှိသည်။

### ပုံမှန်သုံးစွဲသင့်သည့်ပမာဏထက် များစွာသုံးစွဲ

ဟင်းသီးဟင်းရွက်ဆီများသည် အစေ့သို့မဟုတ် အသီးအနှံများမှ ထုတ်ယူသောဆီများဖြစ်သည်။ မြေပဲဆီ၊ နှမ်းဆီ၊ သံလွင်ဆီ၊ နေကြာဆီ၊ ပဲပိစပ်ဆီ၊ စားအုန်းဆီ စသည်တို့သည် အသီးအနှံများ၏ အစိတ်အပိုင်းများမှ ရရှိသောဆီများဖြစ်သည်။ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများအရ လူတစ်ဦးသည် တစ်နေ့လျှင် ဆီကို လက်ဖက်ရည်ဇွန်း ခြောက်ဇွန်းခန့် (၁ ဒသမ ၈ ကျပ်သား)၊ တစ်လလျှင် ၅၄ ကျပ်သားသာ စားသုံးသင့်ကြောင်း သိရသည်။ မြန်မာနိုင်ငံသားများ၏ တစ်နေ့ ဆီစားသုံးမှုသည် ၂ ဒသမ ၂၅ ကျပ်သား၊ တစ်လလျှင် ၆၈ ကျပ်သား စားသုံးနေသဖြင့် ပုံမှန်သုံးစွဲသင့်သည့် ပမာဏထက် များစွာသုံးစွဲနေကြောင်း စစ်တမ်းများအရ သိရသည်။ ဘေးကင်းလုံခြုံမှုမရှိသော စားဆီများကို သုံးစွဲခြင်းကြောင့် ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုမှာ ကြီးမားလျက်ရှိသည်။ ဆီစားသုံးမှုနှင့် ဆက်နွှယ်နေသော ကျန်းမာရေးပြဿနာများကို လေ့လာပါက အခြေခံအချက်နှစ်ချက်ကို တွေ့ရမည်ဖြစ်သည်။ ပထမအချက်မှာ ကျန်းမာရေးနှင့် မသင့်လျော်သည့်ဆီများကို စားသုံးမိခြင်းဖြစ်ပြီး ဒုတိယအချက်မှာ သုံးစွဲသင့်သည်ထက် ပိုမိုစားသုံးမိနေခြင်းဖြစ်သည်။

ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil၊ Cooking Oil) နှင့် စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသားတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်ကို သက်ဆိုင်ရာက ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါညွှန်ကြားချက်တွင် “ဟင်းသီးဟင်းရွက်ဆီ”ဟူသည့် ဖော်ပြချက်သည် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ကုန်စည်တစ်ခုခု၏ အမျိုးအမည်မဟုတ်သည့်အပြင် ပင်ရင်းပါဝင်ပစ္စည်းကို အခြေခံဖော်ပြထားခြင်း မရှိသော ယေဘုယျဆန်သည့် အမျိုးအမည်တစ်ခုသာဖြစ်ကြောင်း၊ ပင်ရင်းပါဝင်ပစ္စည်းများကိုအခြေခံသော ကုန်စည်၏ အမျိုးအမည်ကို တိကျစွာ မြန်မာဘာသာဖြင့် ဖော်ပြရန် ဥပမာ - ဟင်းသီးဟင်းရွက်ဆီ (စားအုန်းဆီ)၊ ဟင်းသီးဟင်းရွက်ဆီ (အဆင့်မြင့်စားအုန်းဆီ)၊ ကုန်စည်၏ အသားတင်ပမာဏနှင့် အရွယ်အစားတို့အား မြန်မာ့အလေးချိန်ယူနစ်ဖြစ်သော ပိဿာ၊ ကျပ်သားတို့ကို မြန်မာဘာသာဖြင့် ဖော်ပြရမည်ဖြစ်ကြောင်း သိရသည်။ လူဦးရေတိုးပွားလာနေသည့် ကမ္ဘာကြီးတွင် ကလေးမွေးဖွားနှုန်းမြင့်မားနေသကဲ့သို့ သေဆုံးမှုနှုန်းမှာလည်းမြင့်မားနေသည်။ သေဆုံးမှုများထဲတွင် ဘေးကင်းလုံခြုံမှုမရှိသော အစားအသောက်များမှ ရရှိဖြစ်ပွားသည့်ရောဂါများကြောင့် သေဆုံးရခြင်းသည်လည်း အဓိကအကြောင်းအချက် တစ်ခုဖြစ်သည်ဟု သိရသည်။

စားသုံးသူပြည်သူအများစုမှာ ကျန်းမာရေးအသိဗဟုသုတ မရှိသောကြောင့်လည်းကောင်း၊ သိသော်လည်း ဝင်ငွေအဆင့်နိမ့်ကျသဖြင့် လုံခြုံစိတ်ချရသော စားသုံးဆီကို မစားသုံးနိုင်သောကြောင့်လည်းကောင်း၊ ရေရှည်ကောင်းကျိုးကို ကြည့်ရမည့်အစား အမြင်၊ အနံ့၊ အရသာဖြင့် ရွေးချယ်ဝယ်ယူတတ်သော ဓလေ့စရိုက်များကြောင့် လည်းကောင်း ထုတ်လုပ်သူများက မမှန်မကန် ထုတ်လုပ်လျက်ရှိသည့် စားသုံးဆီများကို အားပေးနေသည့် ဈေးကွက်ရှိနေသေးခြင်းဖြစ်သည်ကို တွေ့ရသည်။

### မှန်ကန်မှုမရှိသော စားသုံးဆီများ

မှန်ကန်မှုမရှိသော စားသုံးဆီများကြောင့် ကမ္ဘာတစ်ဝန်းတွင် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါ၊ လေဖြတ်ခြင်း စသည့် ကျန်းမာရေးပြဿနာများကို ရင်ဆိုင်နေကြရသည်။ ပြည့်ဝဆီဆိုရာတွင် တိရစ္ဆာန်များမှထွက်သော အဆီများ ပါဝင်သည်ကိုလည်း သတိချပ်စေလိုသည်။

> **စားသုံးဆီများတွင် Smoke Point ဟူ၍ရှိသည်။ Smoke Point ဆိုသည်မှာ ဆီ၏ မီးအပူချိန်ကိုခံနိုင်သောပမာဏထက် လွန်ကဲသွားလျှင် ဆီမှအန္တရာယ်ရှိသော Free Radiacals များ ထွက်လာနိုင်သည်။ မီးပြင်းပြင်းဖြင့် ကြော်ရမည့်အချိန်တွင် Smoke Point မြင့်မားသော ဆီအမျိုးအစားကိုသာ သုံးသင့်သည်။ ဆီများတွင်လည်း Smoke Point တစ်ခုနှင့်တစ်ခု ကွာခြားလျက်ရှိသည်။ ဥပမာ- အုန်းသီးမှထုတ်လုပ်သော အုန်းဆီ၏ Smoke Point မှာ ၁၁၇ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ပဲပုပ်မှထုတ်လုပ်သော ပဲပုပ်ဆီ၏ Smoke Point မှာ ၂၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ ဆီများကို သုံးစွဲရာတွင် ဘူးခွံတွင်ပါဝင်သော Smoke Point များကိုကြည့်ကာ ရွေးချယ်ဝယ်ယူသင့်သည်။ ဆီတွင်ပါဝင်သော အဆီဓာတ်၊ ကိုလက်စထရောပမာဏ၊ ဆိုဒီယမ်၊ ကယ်လိုရီစသည်များကိုလည်း ကြည့်ရှုနှိုင်းယှဉ်ပြီး ဝယ်ယူသင့်**

စာမျက်နှာ ၁၁ သို့ ★

# တိုင်းရင်းဆေးတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

မန္တလေး ဇူလိုင် ၂၃





မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးတက္ကသိုလ်၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ ပါမောက္ခချုပ် ပါမောက္ခ (ဌာနမှူးများ)နှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်သူများအနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာကို တန်ဖိုးထားအားကိုးကြပြီး တိုင်းရင်းဆေးများကို ယုံကြည်စွာသုံးစွဲကြသကဲ့သို့ အမှန်တကယ်တွင်လည်း တိုင်းရင်းဆေးများမှာ ဆေးစွမ်းထက်မြက်ကြောင်း၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးပညာဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန်၊ တိုင်းရင်းဆေးပညာရပ် တိုးတက်မြင့်မားလျက်ရှိသည့် နိုင်ငံများနှင့် ကုသရေး၊ သင်ကြားရေး၊ သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆက်သွယ်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးစီမံချက်များတွင် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန်၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးပညာကို အနောက်တိုင်းဆေးပညာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်ဆိုသည့် တက္ကသိုလ်၏ရည်မှန်းချက်များ ပေါက်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းရင်းဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းသရုပ်ဖော်အကများဖြင့် ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သီဆိုကပြဖျော်ဖြေသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ နှင့် တက္ကသိုလ်များ အားကစားအဆင့်အတန်းမြင့်မားရေးအတွက် အားကစားပစ္စည်းများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းရင်းဆေးတက္ကသိုလ် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုပြီးနောက် အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး) များ၊ သင်ကြားရေး ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ကျောင်း၏ လိုအပ်ချက်များနှင့် ဆရာ ဆရာမများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်သင်ကြားခဲ့ရာ ယနေ့ အချိန်အထိ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(B.M.T.M) ပုံမှန်ဘွဲ့ရရှိသူ ၁၄၆၈ ဦး၊ (B.M.T.M) ပေါင်းကူးဘွဲ့ရရှိသူ ၁၈၀၊ မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့(M.M.T.M) ရရှိသူ ၈၇ ဦးတို့ကို မွေးထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းခရိုင် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ -၆၆/၆) များကို Software Program ရေးသွင်းခြင်းလုပ်ငန်း ဆောင်ရွက်

ကော့သောင်း ဇူလိုင် ၂၃



တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ကော့သောင်းခရိုင်ဦးစီးမှူးရုံး၌ ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်းခရိုင်ရှိ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) များကို Software Pro – gram ရေးသွင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

**ရှင်းလင်းတင်ပြ**

ကြည့်ရှု အားပေးရာတွင် ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းခရိုင်နှင့် မြို့နယ်ဦးစီးမှူးတို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို သက်ဆိုင်ရာကဏ္ဍအလိုက် လိုက်လံရှင်းလင်း တင်ပြကြပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးယဉ်ထွေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးအနေဖြင့် ပန်းခင်းစီမံချက်ကို အောင်မြင်စွာ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ကာ မဲစာရင်းများ တိကျမှန်ကန်စေရေး ပြည်သူတစ်ဦးချင်း ကိုယ်ရေးအချက်အလက် နိုင်(၄)မှတ်တမ်းများကို Electric System ဖြင့် Software ရေးသွင်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပြီး ယခု အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ -၆၆/၆) များကို Software Program ရေးသွင်းခြင်းကိုလည်း ဝိုင်းဝန်းကြိုးစားကြစေလိုကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည်များ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ အချိန်ကာလနှစ်လအတွင်း ပြီးစီးရေး၊ စာရင်းဇယားမှန်ကန်စေရေး၊ စာရင်းထပ်ကျန်မရှိစေရေးတို့ကို စနစ်တကျ ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံသားများ၏ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ- ၆၆/၆) အချက်အလက်များကို နည်းပညာအသုံးပြု၍ Software Program ဖြင့် Data base သို့ တိုက်ရိုက်စာရင်းရေးသွင်းခြင်း လုပ်ငန်းကို ကော့သောင်းခရိုင်မှ အိမ်ထောင်စုစာရင်းစုစုပေါင်း ၂၃၅၂ စုနှင့် ဘုတ်ပြင်းခရိုင်မှ အိမ်ထောင်စုစာရင်း စုစုပေါင်း ၁၃၇၉၁ စု၏ အိမ်ထောင်စုလူဦးရေ စာရင်းများကို နှစ်လအတွင်း ပြီးစီးအောင် ရေးသွင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းခရိုင် ဦးစီးမှူးရုံးမှ သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဟိုပုံးမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

ဟိုပုံး ဇူလိုင် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျောက်တန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဦးဝင်းခိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာသိပ္ပံကျောင်း(တောင်ကြီး)မှ သင်တန်းသား သင်တန်းသူများက Physical Fitness Dance နှင့် ဝူရှူးအားကစားနည်းများကို သရုပ်ပြသခဲ့ကြသည်။ ထို့နောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အားကစားနှင့် ကာယပညာဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမိုမိုမောင်က ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ လူငယ်ရေးရာဦးစီးဌာန၏ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

■

★ စာမျက်နှာ ၁၀ မှ

အကြောင်းမှာ အချို့တောရွာများတွင် အလှူအတန်းတစ်ခုခု ပြီးသည့်အခါ ဥပမာ ဝက်သားချက်ရာမှ ထွက်လာသော (ဝက်ဆီ)နှင့် အမဲဆီကဲ့သို့ တိရစ္ဆာန်တို့၏ အဆီများကို သိုလှောင်ကာ ရောင်းချသည့်ဓလေ့များရှိနေတတ်ခြင်းကြောင့် ဖြစ်သည်။

ဆီကို မီးခိုးငွေ့ထွက်သည်အထိ အပူချိန်မြင့်မားစွာထားမည်ဆိုလျှင် ဆီ၏ ဓာတုပြောင်းလဲမှု ဆင့်ကဲဖြစ်စဉ်ကို တားဆီးလျှော့ချထားစေရုံသာမက မြေပဲဆီ၏ ပင်ကိုသဘာဝမွှေးပျံ့သော အရသာကို ယိုယွင်းသွားစေမည်ဖြစ်သည်။ စားသုံးဆီများတွင် Smoke Point ဟူ၍ ရှိသည်။ Smoke Point ဆိုသည်မှာ ဆီ၏ မီးအပူချိန်ကိုခံနိုင်သော ပမာဏထက် လွန်ကဲသွားလျှင် ဆီမှအန္တရာယ်ရှိသော Free Radiacals များ ထွက်လာနိုင်သည်။ မီးပြင်းပြင်းဖြင့် ကြော်ရမည့်အချိန်တွင် Smoke Point မြင့်မားသော ဆီအမျိုးအစားကိုသာ သုံးသင့်သည်။ ဆီများတွင်လည်း Smoke Point တစ်ခုနှင့်တစ်ခု ကွာခြားလျက်ရှိသည်။ ဥပမာ- အုန်းသီးမှထုတ်လုပ်သော အုန်းဆီ၏ Smoke Point မှာ ၁၁၇ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ပဲပုပ်မှထုတ်လုပ်သောပဲပုပ်ဆီ၏ Smoke Point မှာ ၂၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ ဆီများကို သုံးစွဲရာတွင် ဘူးခွံတွင်ပါဝင်သော Smoke Point များကို ကြည့်ကာ ရွေးချယ်ဝယ်ယူသင့်သည်။ ဆီတွင်ပါဝင်သော အဆီဓာတ်၊ ကိုလက်စထရောပမာဏ၊ ဆိုဒီယမ်၊ ကယ်လိုရီ စသည်များကိုလည်း ကြည့်ရှုနိုင်းယှဉ်ပြီး ဝယ်ယူသင့်သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ် စာရင်းဇယားများအရ မြန်မာနိုင်ငံတွင်မကူးစက်နိုင်သောရောဂါများကြောင့် အချိန်မတိုင်မီ သေဆုံးနိုင်ခြေ ၂၄ ရာခိုင်နှုန်းပိုများနေသည်။ မကူးစက်နိုင်သောရောဂါများကြောင့် ၂၀၁၈ ခုနှစ်အတွင်း သေဆုံးမှုများ၏ ၂၅ ရာခိုင်နှုန်းသည် နှလုံးနှင့်သွေးကြော ရောဂါများကြောင့်ဖြစ်ပြီး ၁၃ ရာခိုင်နှုန်းမှာ ကင်ဆာရောဂါများကြောင့် ဖြစ်ကြောင်း သိရသည်။

**အညွှန်းတို့ကို**
**မဖြစ်မနေဖော်ပြရန်လိုအပ်**

စားသုံးသူများသည် စားသုံးသူကာကွယ်ရေးဥပဒေအရ မိမိဝယ်ယူမည့် ကုန်စည်အတွက် လိုအပ်သော သတင်းအချက်အလက် ပြည့်စုံမှန်ကန်စွာ သိရှိခွင့်ရှိသည်။ ကုန်စည်နှင့်ပတ်သက်၍ မှားယွင်းစွာ ဖော်ပြခြင်းဖြစ်စေ၊ မမှန်ကန်သော ကြော်ငြာခြင်းဖြစ်စေ၊ မရိုးမဖြောင့်သောသဘောဖြင့် ဖြစ်စေ စားသုံးသူက လွဲမှားစွာလက်ခံစေရန် ရည်ရွယ်၍ ဆောင်ရွက်လျှင် လိမ်လည်လှည့်ဖြားရာရောက်သည်။ စားသုံးဆီရောင်းချဖြန့်ဖြူးသူ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရောင်းချမည့် စားသုံးဆီအမျိုးမျိုးနှင့်စပ်လျဉ်း၍ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှု အညွှန်းတို့ကို မဖြစ်မနေဖော်ပြရန် လိုအပ်သည်။ စားသုံးသူများအနေဖြင့် မိမိကျန်းမာရေးနှင့် သင့်တော်သည့် ဆီအမျိုးအစားကို ရွေးချယ်ဝယ်ယူနိုင်ပြီး အစားအသောက် ဘေးကင်းလုံခြုံမှုကို ရရှိခံစားနိုင်မည်ဖြစ်သည်။ ဆီနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာ ဗဟုသုတများကို ရှာဖွေခြင်း၊ လုံခြုံစိတ်ချရသော စားသုံးဆီကို ရွေးချယ်စားသုံးခြင်း၊ “ဘယ်သူသေသေ၊ ငတေမာရင် ပြီးရော” ဆိုသည့် မမှန်မကန်ထုတ်လုပ် သော၊ ရောင်းချသောသူများကို အရေးယူ အပြစ်ပေးခြင်း၊ စားသုံးဆီများကိုရွေးချယ်ဝယ်ယူခြင်း၊ ဆီစားသုံးမှုကို လျှော့ချခြင်းဖြင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်သည့်အပြင် ဆီစားသုံးမှုဓလေ့ကို ပြုပြင်ရန်လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# အီသီယိုးပီးယားနိုင်ငံ၌ မိုးခေါင်မှုကြောင့် လူပေါင်း ၉ ဒသမ ၈၈ သန်း စားနပ်ရိက္ခာမလုံလောက်မှုပြဿနာနှင့် ရင်ဆိုင်နေရ



**အဒစ်အဘာဘာ ဇူလိုင် ၂၃**

အီသီယိုးပီးယားနိုင်ငံ၏ ဒေသအများအပြားတွင် မိုးခေါင်မှုကြောင့် လူပေါင်း ၉ ဒသမ ၈၈ သန်းသည် စားနပ်ရိက္ခာမလုံလောက်မှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)က ပြောကြားသည်။

ဇူလိုင် ၂၁ ရက်တွင် ထုတ်ပြန်သည့် မိုးခေါင်မှု တုံ့ပြန်ရေးအခြေအနေဆိုင်ရာ အစီရင်ခံစာတစ်ရပ်တွင် အီသီယိုးပီးယားနိုင်ငံ၏ လူဦးရေ ၁၀ သန်းနီးပါးသည် မိုးရာသီလေးရာသီဆက်တိုက် မိုးခေါင်မှုကြောင့် စားနပ်ရိက္ခာမလုံလောက်မှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြောကြားသည်။

အီသီယိုးပီးယားနိုင်ငံ၌ မိုးခေါင်မှုဒဏ်ခံခဲ့ရသည့် ကလေးငယ် ၁၁၉၀၀၀ အပါအဝင် လူဦးရေ ၃ ဒသမ ၃ သန်းအား အာဟာရနှင့် ငွေကြေးအထောက်အပံ့များ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြောကြားသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် အီသီယိုးပီးယားနိုင်ငံရှိ မိသားစုများအား အရေးပေါ်ကယ်ဆယ်ရေးနှင့် အာဟာရထောက်ပံ့မှုအပြင် ရေတိုကာလအတွင်း အသက်များကိုကယ်တင်ရန်နှင့် ရေရှည်ကာလတွင် ခံနိုင်ရည်ရှိစေရန်အတွက် အထောက်အပံ့ပေးရေး အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတုတ္ထအကြိမ်မြောက်ထိုးနှံရေးအတွက် ကြိုတင်ပြင်ဆင်



**ဂျကာတာ ဇူလိုင် ၂၃**

အင်ဒိုနီးရှားအစိုးရအဖွဲ့က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတုတ္ထအကြိမ်မြောက် ထိုးနှံရေးအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဆာရေးလ်က ယနေ့ပြောကြားသည်။

**ပိုမိုကြာရှည်မည်ဟုမှန်းဆ**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုသည် ခန့်မှန်းထားသည်ထက် ပိုမိုကြာရှည်မည်ဟု မှန်းဆရသည့်အတွက် ကာကွယ်ဆေးထိုးနှံပြီးနောက် ခြောက်လအကြာတွင် ပဋိပစ္စည်းများ ကျဆင်းလာသည့်အတွက် စတုတ္ထအကြိမ်မြောက် ကာကွယ်ဆေးထိုးနှံရန် စီစဉ်ခြင်းဖြစ်ကြောင်း ဆာရေးလ်က ဆက်လက်ပြောကြားသည်။

အချို့နိုင်ငံများက စတုတ္ထအကြိမ်မြောက် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းစဉ်ကို စတင်နေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကာကွယ်ဆေးစတုတ္ထအကြိမ် ထိုးနှံပေးရာတွင် ကျန်းမာရေးလုပ်သားများ၊ နာတာရှည်ရောဂါသည်များ၊ သက်ကြီးရွယ်အိုများ၊ ပြည်သူ့ဝန်ထမ်းများအား ဦးစားပေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံ၌ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုခံယူပြီးသူ ၉၇ ရာခိုင်နှုန်း၊ ကာကွယ်ဆေးဒုတိယအကြိမ် ထိုးနှံမှုခံယူပြီးသူ ၈၁ ရာခိုင်နှုန်းနှင့် တတိယအကြိမ် ထိုးနှံမှုခံယူပြီးသူ ၂၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**လိုအပ်**

ရောဂါကူးစက်မှုကြောင့် ဆေးရုံတက်ရောက်ကုသခြင်းနှင့် သေဆုံးမှုနှုန်းများ လျော့ကျစေရန် ပြည်သူများအနေဖြင့် စတုတ္ထအကြိမ် ကာကွယ်ဆေးထိုးနှံမှုခံယူရန်လိုအပ်ကြောင်း ဆေးဘက်ဆိုင်ရာအာဏာပိုင်များက တိုက်တွန်းပြောကြားသည်။

အိုမီခရွန်မီဇပြောင်း မျိုးရပ်စိတ် BA. 2.75 ကူးစက်မှုသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကာလကို ပိုမိုကြာရှည်မည်ဖြစ်ကြောင်းနှင့် BA.4 နှင့် BA.5 မီဇပြောင်း မျိုးရပ်စိတ်များ၏ ကူးစက်ပျံ့နှံ့မှုသည် လက်ရှိအချိန်တွင် အမြင့်ဆုံးအခြေအနေသို့ မရောက်ရှိသေးကြောင်း ကူးစက်ရောဂါဗေဒပညာရှင် ဒစ်ကီဘုဒီမန်က ဆိုသည်။

**ရှည်ကြာနိုင်ဖွယ်ရှိ**

ယခုဖြစ်ပွားလျက်ရှိသည့် ရောဂါကူးစက်မှုအခြေအနေသည် အောက်တိုဘာလအထိ ရှည်ကြာနိုင်ဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၈၃၄ ဦး စစ်ဆေးတွေ့ရှိရသည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၆၁၅၉၃၂၈ ဦးရှိကြောင်း သိရသည်။ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၁၅၆၈၉၃ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူပေါင်း ၅၉၆၄၁၉၆ ဦးရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ ရောဂါကူးစက်ခံရသူ နှစ်သိန်းကျော်တွေ့ရှိ

**တိုကျို ဇူလိုင် ၂၃**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀၉၇၅ ဦး စစ်ဆေးတွေ့ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

ဇူလိုင် ၂၁ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၁၉၅၀၀၀ ကျော် တွေ့ရှိရပြီး နေ့စဉ်ကူးစက်မှုအများဆုံးစံချိန်ကို ကျော်လွန်ခဲ့သည်။

ဂျပန်နိုင်ငံရှိ ခရိုင် ၄၇ ခုအနက် ၁၇ ခုတွင် နေ့စဉ်ကူးစက်မှုအရေအတွက် မြင့်တက်လာကြောင်း သိရသည်။

တိုကျိုမြို့၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုအရေအတွက် ၃၂၆၉၈ ဦး စစ်ဆေးတွေ့ရှိရကြောင်း တိုကျိုဒေသန္တရအစိုးရက ဆိုသည်။

မြို့တော်တိုကျို၌ နေ့စဉ်ကူးစက်မှုအရေအတွက် ၃၀၀၀၀ ကျော် ရောက်ရှိခဲ့သည်မှာ သုံးရက်ဆက်တိုက်ရှိပြီဖြစ်သည်။ ရောဂါကူးစက်မှုကြောင့် ခုနစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၉၈၁၈၀၂ ဦးရှိပြီး အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၁၇၉၉ ဦး ရှိသည်။ သို့သော် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၉၈၆၄၄၃၆ ဦး ရှိသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၇၄၆ ဦး ထပ်မံတွေ့ရှိ

**ဝယ်လင်တန် ဇူလိုင် ၂၃**

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၇၄၆ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

အဆိုပါ နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၂ ဦးရှိကြောင်းနှင့် လက်ရှိတွင် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသူများအပါအဝင် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါလူနာ ၇၅၉ ဦးရှိကြောင်း သိရသည်။

ယနေ့တွင် တွေ့ရှိသည့် ကူးစက်ခံရသူများအနက် ၃၅၃ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများ ဖြစ်ကြောင်း နယူးဇီလန် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၁၅၄၆၂၁၁ ဦးရှိကြောင်းနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၉၇၆ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၀၀၀ ကျော် ထပ်မံတွေ့ရှိ

**နယူးဒေလီ ဇူလိုင် ၂၃**

အိန္ဒိယနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၀၀၀ ကျော် ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နေ့စဉ်ကူးစက်ခံရသူ ၂၁၀၀၀ ကျော် ရှိလာသည်မှာ သုံးရက်ဆက်တိုက်ရှိသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၄၁၁ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် ကူးစက်ခံရသူပေါင်း ၄၃၈၆၈၄၇၆ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၅၂၅၉၉၇ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၁၅၀၁၀၀ ရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၀၇၂၆ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၁၉၂၃၇၉ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# လောင်စာဆီဖြန့်ဖြူးရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်တင်ရန် သီရိလင်္ကာသမ္မတ ရာနေးဝတ်ရီမီဆင်းဂီ တိုက်တွန်း

ကိုလံဘို ဇူလိုင် ၂၃

သီရိလင်္ကာသမ္မတ ရာနေးဝတ်ရီမီဆင်းဂီက နိုင်ငံအတွင်း၌ လောင်စာဆီဖြန့်ဖြူးရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်တင်ရန်နှင့် စာသင်ကျောင်းများအပါအဝင် ပြည်သူ့ပို့ဆောင်ရေးလုပ်ငန်းများအတွက် လောင်စာဆီ ထောက်ပံ့ပေးနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ကြရန် တာဝန်ရှိသူများအား ယနေ့ပြောကြားသည်။

ကျောင်းကားများကို လောင်စာဆီထောက်ပံ့ပေးရန် နိုင်ငံပိုင်လောင်စာဆီအရောင်းဆိုင်များအား သမ္မတ ရာနေးဝတ်ရီမီဆင်းဂီက ညွှန်ကြားထားကြောင်း သိရသည်။

နိုင်ငံအတွင်း လောင်စာဆီအကျပ်အတည်းကို ဖြေရှင်းရန်ဆွေးနွေးသည့် အစည်းအဝေး၌ အထက်ပါကိစ္စရပ်များကို သမ္မတ ရာနေးဝတ်ရီမီဆင်းဂီက ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လောင်စာဆီပြတ်လပ်မှုကြောင့် ပိတ်ပင်ထားသည့် စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းလည်း သမ္မတ ရာနေးဝတ်ရီမီဆင်းဂီက ဆိုသည်။

ငါးဖမ်းသမားများ၊ လယ်သမားများနှင့် ခရီးသွားလုပ်ငန်းများအတွက် လောင်စာဆီလိုအပ်မှုများကို ထောက်ပံ့ပေးရန် လိုအပ်ကြောင်း သမ္မတ က ပြောကြားသည်။

နိုင်ငံအတွင်း ကြီးထွားလျက်ရှိသည့် လောင်စာဆီမှောင်ခိုဈေးကွက်ကို လျင်မြန်စွာ ကိုင်တွယ်ထိန်းချုပ်ရန် ရဲအရာရှိများအား သမ္မတက ညွှန်ကြားခဲ့ကြောင်း သိရသည်။

နိုင်ငံခြားငွေပြတ်လပ်မှုကြောင့် ယခုနှစ်အစောပိုင်းမှစပြီး လောင်စာဆီပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**





# ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအကြံပြုချက်ကို အကောင်အထည်ဖော်ရန် ကမ္ဘောဒီးယားနိုင်ငံ ကတိကဝတ်ပြု

ဖနောင်ပင် ဇူလိုင် ၂၃

ကမ္ဘောဒီးယားနိုင်ငံ၏ သက်ဆိုင်ရာဝန်ကြီးဌာနများသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကော်မတီ၏ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ၎င်းတို့၏ ကတိကဝတ်များကို အတည်ပြုခဲ့ကြောင်း ဇူလိုင် ၂၂ ရက်တွင် ထုတ်ပြန်သည့် ပူးတွဲအစီရင်ခံစာ တစ်စောင်တွင် ရေးသားဖော်ပြထားသည်။

အစိုးရအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့ အစည်းများမှ တက်ရောက်သူဦးရေ ၂၀၀ ကျော်တို့က စားပွဲဝိုင်းဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ပြီး နောက်တစ်ရက်တွင် ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အကြံပြုချက်ကို အကောင်အထည်ဖော်မည့် အထက်ပါပူးတွဲအစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဥပဒေကို အပြီးသတ်အကောင်အထည်ဖော်ခြင်းနှင့် လူမှုဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ မဟာဗျူဟာများ အကောင်အထည်ဖော်ခြင်းများအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးစနစ်ကို ခိုင်မာအားကောင်းစေရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကတိပြုပါကြောင်း လူမှုရေး၊ စစ်မှုထမ်းဟောင်းနှင့် လူငယ်ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် နင်တိုက ပြောကြားသည်။

လာမည့်နှစ်များအတွင်း ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအစီအစဉ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေးတို့ကို နိုင်ငံတစ်ဝန်းမဆောင်ရွက်မီ ပြည်နယ် ၂၀ တွင် ဆောင်ရွက်မည်ဖြစ်ပြီး ယင်းသို့ ဆောင်ရွက်ပြီးမှသာ နိုင်ငံတစ်ဝန်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးစနစ်အတွက် ခိုင်မာသောမူဘောင်များကို အပြီးသတ်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ချူဘန်အန်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၈၀ ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ ဇူလိုင် ၂၃

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၃၈၈၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၆၄၄၁၁၅ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် ခုနစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၃၈၇၃ ဦးသည် ဒေသတွင်းကူးစက်ခံရသူများ ဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၉၀၂ ဦး ရှိကြောင်း သိရသည်။

သို့သော် လူနာ ၂၆၀၇ ဦး ရောဂါမှပြန်လည်ကျန်းမာလာသည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၅၅၉၅၄၅ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၄၈၆၆၈ ဦးရှိပြီး ယင်းတို့အနက် ၅၀ သည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၂၈ ဦး သည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၉ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၃ ဒသမ ၉ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၃၆၀၄ ဦး ထပ်မံတွေ့ရှိ

မနီလာ ဇူလိုင် ၂၃

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၀၄ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၃၇၄၈၉၇၉ ဦးရှိကြောင်း သိရသည်။



ထို့ပြင် ပိုးတွေ့ဆဲလူနာ အရေအတွက်သည် ၂၅၇၄၃ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် ၆၀၆၇၀ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

လူဦးရေ ၁၃ သန်းကျော်ရှိသည့် မက်ထရိုမနီလာ၌ ရောဂါကူးစက်ခံရသူ ၁၃၂၄ ဦး စစ်ဆေးတွေ့ရှိခဲ့သည်။

ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦး တွေ့ရှိရပြီး နေ့စဉ်ရောဂါ ကူးစက်မှုစံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၁၁၂ သန်းကျော်ရှိသည့်အနက် ပြည်သူ ၇၁ ဒသမ ၄ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# အီရန်နိုင်ငံတောင်ပိုင်း၌ ရုတ်တရက်ရေကြီးမှုကြောင့် အနည်းဆုံး ၂၁ ဦးသေဆုံး

တီဟီရန် ဇူလိုင် ၂၃

အီရန်နိုင်ငံတောင်ပိုင်း ဖားစ်ပြည်နယ်၌ ဇူလိုင် ၂၂ရက်က ဖြစ်ပေါ်ခဲ့သည့် ရုတ်တရက်ရေကြီးမှုကြောင့် အနည်းဆုံး ၂၁ ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ရှာဖွေကယ်ဆယ်ရေးအရင်းအမြစ်များက ဇူလိုင် ၂၃ ရက်တွင် ပြောကြားသည်။

ကနဦးက ရေကြီးမှုကြောင့် ၈၉ ဦး ရေနစ်မြုပ်ခံခဲ့ရကြောင်းနှင့် ပျောက်ဆုံးနေသူများအနက် ကျန်ရှိနေသူများကို ရှာဖွေတွေ့ရှိချိန်အထိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံ လခြမ်းနီအသင်းအကြီးအကဲ မက်ဒီဗာလီပူးက ပြောကြားခဲ့သည်။

ရေကြီးမှုဖြစ်ပေါ်ခဲ့သည့် ဇူလိုင် ၂၂ ရက်တွင် ရေနစ်မြုပ်ခံရသူများအနက်မှ သေဆုံးသူ ၁၃ ဦး၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ကြောင်း အီစတန်ဘန်မြို့တော်ဝန် ယူဆက်ဖ်ကာဂါက ပြောကြားခဲ့သည်။

ရေကြီးမှုမဖြစ်ပေါ်မီ ဇူလိုင် ၂၁ ရက်ညနေပိုင်းကတည်းက မိုးသည်းထန်စွာရွာသွန်းမည့် သတိပေးချက် ထုတ်ပြန်ရန် ပျက်ကွက်ခဲ့သည့် အီရန်မိုးလေဝသအဖွဲ့အစည်းကိုလည်း အီစတန်ဘန်မြို့တော်ဝန် ယူဆက်ဖ်ကာဂါက ပြစ်တင်ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ(နည်းဥပဒေ၁၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အမရပူရမြို့နယ်နှင့် မိုင်းဆတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၁ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအနီးရှိ မြစ်ငယ်-ထုံးဘိုသွားကားလမ်းတွင် မျိုးလွင်(ခ)ပေါက်စိ မောင်းနှင်ပြီး ဖူးဖူး(ခ)အေးအေးအောင်နှင့်ကျော်ဇင်ဦး(ခ)စိုးကြီးတို့ လိုက်ပါလာသည့် Townace အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ ကိုလည်းကောင်း၊ အလားတူ ဇူလိုင် ၂၂ ရက် ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် ဟိုနားကျေးရွာအုပ်စု ဟိုနားကျေးရွာအနီးရှိ မိုင်းဆတ်-မိုင်းပျဉ်းသွား ကားလမ်းတွင် စိုင်းကျော်ညွန့် မောင်းနှင်လာသည့် Toyota Hilux အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် ၁ ဒသမ ၅ ကီလိုကို လည်းကောင်း စေသော ဆေးဝါးများဆိုင်ရာ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**




မျိုးလွင်(ခ)ပေါက်စိ၊ ဖူးဖူး(ခ)အေးအေးအောင်နှင့် ကျော်ဇင်ဦး(ခ)စိုးကြီးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် အရှေ့ရိုးမကြိုးဝိုင်းအတွင်း တရားမဝင် ထောက်ကြံ့ခွဲသားနှင့် တောင်သရက်ခွဲသား (၂ ဒသမ ၁၈၆၄)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃,၀၄၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင်** အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော မျက်စိကုသရေးဆိုင်ရာ ဆက်စပ်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၂၀၅၀ ကိုလည်းကောင်း၊ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသော လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၄၀၀၀၀၀)နှင့် လျှပ်စစ်ကေဘယ်ကြိုးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၆၀၂၀၅၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင် ၂၁ ရက်တွင်** တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရေဖြူမြို့နယ် မလွှဲတောင်စစ်ဆေးရေးဂိတ်၌ ဌာနဆိုင်ရာ စုပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ် တစ်စီးပေါ်မှ တရားဝင်ခွင့်ပြုထားသည့် ပမာဏထက် ပိုမိုတင်ဆောင်လာသော ခဲမဖြူ/အဖြိုက်နက် ရောရာ သတ္တုအိတ် ၆၉၆ အိတ် (၃၁ ဒသမ ၂၉၆၇)တန်**(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀,၀၀၀,၀၀၀)ကို** ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် **ဇူလိုင် ၂၂ ရက်တွင်** ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အပြည်ပြည်ဆိုင်ရာအမြန်စာပို့လုပ်ငန်း (EMS International)မှ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တင်သွင်းခွင့်အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိမြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော Blank Holder များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၅၀၀၀၀)ကိုလည်းကောင်း၊ သင်္ဘောဖြင့်တင်သွင်းလာသော တိုက်ကြေအဖြစ် စစ်ဆေးတွေ့ရှိသည့် မော်တော်ယာဉ် ခြောက်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၅၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇူလိုင် ၂၂ ရက်တွင်** တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သောစစ်ဆေးရေးအဖွဲ့က ပဲခူးခရိုင် ဒိုက်ဦးမြို့နယ်အတွင်း တရားမဝင် ပျဉ်းကတိုးသစ်ခွဲသား (၁၁ ဒသမ ၇၂၉၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၆၄၈၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ **ဇူလိုင် ၂၃ ရက်တွင်** မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သောစစ်ဆေးရေးအဖွဲ့က သပြေကန်ကျေးရွာအနီး လိုင်စင်မဲ့ Toyota Wish အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၆၄၈၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ **ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင်** ကရင်ပြည်နယ်၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှိုင်ဝကျေးရွာအနီး၌ အချိန်ကြာမြင့်စွာ ရပ်နားထားကြောင်းသတင်းအရ စစ်ဆေးတွေ့ရှိသော လိုင်စင်မဲ့ Honda Fit GE6 အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မြဝတီမြို့မှ ရန်ကုန်မြို့သို့သွားရောက်မည့် ကုန်တင်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော စုံတွဲလက်ပတ်နာရီများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၀၀၀၀)နှင့် အမျိုးသားစီးဖိနပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀)ကို လည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၂၉၈၉၈၉၈)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၇-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ မောရွှံသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ စိမ်းပြီးပြိမ်းချိန်တန်ပါပြီ
- ၀၉:၁၅ တရုတ်ကာတွန်း **'ပန်းနဂါးမိုးလေတံတား'** (အပိုင်း-၁)
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၃၀ **'သီချင်းနိုင်ငံယာရီ - ၃'** မြန်မာပြည်သိန်းတန်တေးဂီတ ပျော်ပွဲထုတ်လွှင့်မှု
- ၁၃:၀၀ အသိပညာနှင့်အမှန်တရား **'မှတ်သားဖွယ်ရာကျင့်ဝတ်များ'**
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဂန္တဝင်ရုပ်ရှင် **'ဝဏ္ဏာမ'** (ခင်မောင်ဇင်၊ ကြည်ကြည်ဌေး)
- ၁၆:၅၀ ရှောင်ကြဉ်ကြစို့အစဉ်ကွယ် သွေးလွန်တုပ်ကွေးအန္တရာယ်
- ၁၇:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၃၅ ရာဇဝင်ထဲကသမိုင်းအနုပညာ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ သုတဝေဖြာသီရိဂေဟာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၁၀၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ
- ၂၁:၂၅ ဆေးရောင်စုံရုပ်ရှင် **'လွမ်းလို့ကျန်ရစ်ခဲ့မှာကို အားနာပါတယ်လေ'** (ရဲအောင်၊ စိုးမြတ်သူဇာ၊ ပိုပို့မြင့်အောင်)

### mitv

- 07:02 Evergreen Classic : Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
- 07:11 Kyeik Paw Law Pagoda
- 07:19 Myanmar Traditional Instruments - Myanma Harp (Episode-2)
- 07:43 Clam Farming
- 08:01 Making OfNawarat Rings
- 08:16 Today Myanmar: Diving at Archipelagos (Kawthaung)
- 08:33 Robe Business in Ta Ma Ta Kaw
- 08:47 Chef Life: Tun Tun
- 09:01 News
- 09:26 Global Partnership for Brighter Future: Portugal Pavilion at Expo 2020 Dubai
- 09:34 Insight Myanmar: Manuscription (Epi-3) Preservation of Ancient Manuscript
- 09:54 The Art of Making Paper Toys

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
နှစ်(၁၀၀)ကျော်ရှိပြီဖြစ်တဲ့ကရင်ရိုးရာလုံချည်

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကျွန်တော်တို့ရွာ

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ဆီးချိုရောဂါအတွက် စားပေးသင့်သောသစ်သီးများ

**ချင်း (ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဘုံတလာရေတံခွန်အကြောင်း

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
အတွေးအမြင်စုံစွာကျွန်တော်တို့လက်ရာ(သင်ခန်းစာ)

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ပွိုင့်ကမ်းခြေ

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ဘီးမုန့်ပြုလုပ်နည်း

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်မှုဘဝများ (ပိုးမွေးမြူရေးနှင့်ဒေါက်ဆွဲနဲ့အကြောင်း)

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ခံတွင်းမြိန်စေမဲ့ကယားရိုးရာမာလာဖူးသုပ်

**ဝကော့ကရင် (၂၂:၀၀ မှ ၂၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တနာတတ်သူတာဝန်ယူ'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၅ သုတဝေစည်တောင်သူဆီ
- ၀၇:၀၀ စိုက်ပျိုးရေးရာအဖြေရှာ
- ၀၇:၅၀ မင်းဘူးဒေသထွက်ကညွတ်သီးနှံ
- ၀၈:၂၀ ပြီးပန်းဝေဖြာတို့တောရွာအမှိုက်ထဲကရွှေ
- ၀၈:၅၀ ရောဝတီမြစ်ကမ်းပါးပေါ်က ရှမ်းကလေးကျွန်းအလှ
- ၀၉:၁၅ ချိုမြိန်သောဘဝများရဲ့နှင်းဆီ
- ၀၉:၄၀ ဝင်ငွေတိုးစေဖို့ရယ်စပ်မျိုးပဲရုံစိုက်ကြမယ်

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

✳ CDM မှ

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရွှေကျင်မြို့နယ်ရှိ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် ဇူလိုင် ၂၃**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ကျောင်းသား၊ ဆရာ၊ မိဘများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များကို မီးရှို့ဖျက်ဆီးခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၂၃ ရက် နံနက် ၅ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် စလူချောင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲကို အကြမ်းဖက်သမားများက ကျောင်းဝင်းအတွင်းဝင်ရောက်ကာ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကျောင်းအုပ်ဆရာမကြီးရုံးခန်းအတွင်းရှိ သစ်သားစားပွဲတစ်လုံး၊ ပလတ်စတစ်ထိုင်ခုံလေးလုံး၊ သစ်သားကုလားထိုင် တစ်လုံး၊ စာရေးခုံရှည်နှစ်လုံး၊ အလူမီနီယမ်ဗီရို တစ်လုံး၊ နံရံကပ်နာရီတစ်လုံး၊ သိပ္ပံလက်တွေ့ပစ္စည်းများ၊ စာရွက်စာတမ်းများ၊ မျက်နှာကြက်များ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိပြီး တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်




ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများ ရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သိရသည်။ **သတင်းစဉ်**

# သာစည်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**သာစည် ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၂ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို တောင်ပေါ်ဒေသလမ်း ဆောက်လုပ်ရေးကုမ္ပဏီဖြင့် ပူးပေါင်းကာ ဇူလိုင် ၂၃ ရက် နံနက် ၇ နာရီခွဲက မိတ္ထီလာ-တောင်ကြီး ကားလမ်းဘေး မိုင်တိုင်အမှတ် ၂၄/၇ အနီး၌ ကျင်းပသည်။



သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်ဝန်ထမ်းများ၊ တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကွဲတပ်ဆုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက အရိပ်ရတမာပင်များကို စိုက်ပျိုးခဲ့ကြောင်းသိရသည်။ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ အရိပ်ရတမာပင် ၁၀၀၀ ကို မိတ္ထီလာ- တောင်ကြီးကားလမ်း လှိုင်းတက်ကျေးရွာနှင့် ယင်းမာပင်ကျေးရွာကြား မိုင်တိုင်အမှတ် ၂၂/၄ နှင့် ၃၅/၀ မိုင် လမ်းဘေးဝဲယာတို့တွင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ် ဘောလည်မြစ်အတွင်းသို့ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေငါးသိန်း ငါးမျိုးစိုက်ထည့်

**ထန်းတပင် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုများဖြင့် ငါးမျိုးစိုက်ထည့်ခြင်းများကို တိုင်းဒေသကြီးအတွင်းဆောင်ရွက်လျက်ရှိပြီး ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် နဲသမိန်ကျေးရွာအုပ်စု နဲသမိန်ကျေးရွာရှိ ဘောလည်မြစ်အတွင်းသို့ နှစ်လက်မအရွယ်ငါးမြစ်ချင်းနှင့် ရွှေဝါငါးကြင်းငါးသားပေါက်ကောင်ရေငါးသိန်းတို့ကို တိုင်းဒေသကြီးတာဝန်ရှိသူများနှင့် မြို့နယ်တာဝန်ရှိသူများပူးပေါင်းကာ ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။

ငါးမျိုးစိုက်ထည့်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဖြိုးဝေစိုး၊ အဖွဲ့ဝင်(၂)ဦးအေးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းအောင်၊ ကျောင်းသားကျောင်းသူများနှင့်ကျေးရွာနေပြည်သူများက လှော်ကားငါးလုပ်ငန်းစခန်းနှင့် လေးထောင့်ကန်ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေနှစ်သိန်းခွဲနှင့် နှစ်လက်မအရွယ် ရွှေဝါငါးကြင်းငါးသားပေါက်ကောင်ရေ နှစ်သိန်းခွဲ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ငါးသိန်းတို့ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

■

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ စည်သူအောင်(ခ)စွယ်စုံနှင့် ဇော်မင်းဦး(ခ)Paul Mike တို့သည် ၎င်းတို့အသုံးပြုသည့် “Swe Sone” Facebook အကောင့်နှင့် “Paul Mike” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဝင်းနေ သက်အောင် (ခ)အရှည်ကြီးသည် ၎င်းအသုံးပြုသည့် “Thet Aung” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် လမ်းမတော်တောင်ရပ်ကွက်နေ သိန်းလှိုင်သည် ၎င်းအသုံးပြုသည့် “Thein Hlaing” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၆၆၅ | ၁၇၁၀ | ၁၇၀၅ | ၁၆၇၀ | ၁၇၁၀ | ၁၇၃၀ | ၁၇၁၅ | ၁၆၉၅ | ၁၇၉၀ | ၁၈၀၅ | ၁၇၀၀ | ၁၇၁၀ | ၁၇၄၅ | ၁၇၄၅ | ၁၇၅၀ | ၁၉၆၅ | ၂၅၁၀ |
| 95 Ron | ၁၇၁၅ | ၁၇၆၅ | ၁၇၆၀ | ၁၇၂၅ | ၁၇၆၀ | ၁၇၈၅ | ၁၇၇၀ | ၁၇၄၅ | ၁၈၄၀ | ၁၈၅၅ | ၁၇၅၅ | ၁၇၇၀ | ၁၇၉၅ | ၁၇၉၅ | ၁၈၀၀ | ၂၀၂၀ | ၂၅၆၅ |
| HSD (500 ppm) | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၅ | ၂၁၉၅ | ၂၁၉၀ | ၂၀၉၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၄၅၅ | ၂၇၉၀ |
| HSD (50 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၂၈၂၀ |
| HSD (10 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၂၈၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၅၇၅ | ၁၆၄၀ |
| 95 Ron | ၁၆၂၅ | ၁၆၉၁ |
| HSD (500 ppm) | ၁၉၅၂ | ၂၀၂၀ |
| HSD (50 ppm) | ၂၀၀၇ | ၂၀၇၇ |
| HSD (10 ppm) | ၂၀၀၇ | ၂၀၇၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## အင်းစိန်မြို့နယ်အတွင်းရှိ ဈေးများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ ဈေးများဖြစ်သော အင်းစိန်မြို့မဈေး၊ မြို့သစ်ဈေး၊ နံ့သာကုန်းဈေး၊ ဆယ်မိုင်ဈေး၊ ဖော့ကန်ပဒေသာဈေး၊ အင်းစိန်လဟာပြင်ဈေး၊ ဟီးနိုးဂိတ်ဈေး၊ ကြက်ဘဲဈေးနှင့် အောင်ဆန်းဈေးတို့တွင်ဈေးရောင်းချသူများနှင့်ဈေးဝယ်လာသူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နေ့စဉ် စည်ပင်ဈေးတာဝန်ခံများနှင့် စည်ပင်ဝန်ထမ်းများက အသံချဲ့စက်ဖြင့် ဈေးအတွင်းသို့လှည့်လည်ကာ နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊ တစ်ဦးနှင့် တစ်ဦး ခြောက်ပေကွာနေကြရန်၊ လက်ကိုစနစ်တကျဆေးကြောရန် စသည့်အသိပညာပေး သိကောင်းစရာများကို နှိုးဆော်ပေးလျက်ရှိကြောင်း သိရသည်။

ဉာဏ်ဟိန်း

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## အုတ်တွင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ဆောင်ရွက်

အုတ်တွင်း ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် တာဝန်ကျဌာနဆိုင်ရာများက ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး အသိပညာပေး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုပြုလုပ်ခြင်းကို မြို့အထွက်ဟင်းငုပ်ပင်ဂိတ်၌ ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီ၏ ဦးဆောင်မှုဖြင့် တာဝန်ကျဌာနဆိုင်ရာများက မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ကာကွယ်နိုင်ရေးအတွက် နေအိမ်ပြင်ပသို့ သွားလာပါက ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊ လက်ကိုမကြာခဏဆေးကြောရန်နှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန်တို့ကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

အုတ်တွင်းမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များကို ဆက်လက်လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်အတွက် လူစည်ကားရာနေရာများတွင် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)





## ဝေါမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းကျေးရွာများအား ကော်မတီဖွဲ့စည်းပေးခြင်း ဆောင်ရွက်

ဝေါ ဇူလိုင် ၂၃

ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ဝေါမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်း (ဆီထွက်သီးနှံ) ကျေးရွာများဖြစ်သည့် ညောင်ခါးရှည်ကျေးရွာ၊ ကွေ့ကြီးကျေးရွာ၊ အင်းတိုင်စုကျေးရွာ၊ စိုင်တီစုကျေးရွာများသို့ ကွင်းဆင်းကာ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၂၂

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင် ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၃
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၄၀၄၃၃၉၉၆၉
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၆
အီးမေးလ်လိပ်စာ - antiillegaltradeinfo@gmail.com

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၁
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၆၉၉၆၁၁၁၁၆
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၇
အီးမေးလ်လိပ်စာ - antiillegaltradeoffice@gmail.com


## တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဇူလိုင် ၂၃**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော် အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲ အုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက် လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နေပြည်တော် တိုင်းစစ်ဌာနချုပ်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစု များနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

**အတူတကွသုံးဆောင်**

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများက လည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွသုံးဆောင်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**



## ငဖဲမြို့နယ်၌ ဆီထွက်သီးနှံ နေကြာစိုက်ဧက ၇၈၉ ဧက အောင်မြင်ဖြစ်ထွန်း

**ငဖဲ ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကျေးရွာအုပ်စု ၂၂ အုပ်စုတွင် မိုးသီးနှံနေကြာစိုက်ဧက ၇၈၉ ဧက စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သောမျိုးကောင်းမျိုးသန့်များ ရရှိနိုင်ရေးအတွက် မျိုးစေ့ထုတ်ဧက ၂၀ စိုက်ပျိုးထားရှိကြောင်း၊ တောင်သူများအနေဖြင့် မိုးသီးနှံနေကြာ စိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်း စေရေးအတွက် သိပ္ပံနည်းကျစနစ်တကျ စိုက်ပျိုးရေး၊ အပင်ပြုစု စောင့်ရှောက်ရေးနည်းစနစ်များ၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ် ကြီးကြပ်ကာ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းကြောင့် နေကြာသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါ နေကြာသီးနှံစိုက်ပျိုးမှုအား ကျေးရွာအုပ်စု ၂၂ အုပ်စုမှ တောင်သူများ၏ လယ်မြေများတွင် ဆင်းရွှေကြာ-၂ မျိုး လျာထားဧက ၃၉၆၁ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိစိုက်ဧက သီးထပ် ၆၉ ဧက၊ သီးညှပ် ဧက ၇၂၀ စုစုပေါင်း ၇၈၉ ဧကကို ဒေသတွင်းစားသုံးဆီ ဖူလုံစေရေးအတွက်စိုက်ပျိုးထားပြီး မိုးလယ်နှင့်မိုးနှောင်းကာလများတွင် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် လာမည့်ဆောင်းရာသီ တွင် ဆောင်းသီးနှံနေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးသွားရန် လျာထား ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

**မယု(ငဖဲ)**

## မိုးကြိုစိုက်ပျိုးသောနှမ်းများ စတင်ရိတ်သိမ်းကာ အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရ

**မင်းဘူး ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် နှမ်းများ စတင် ရိတ်သိမ်းနေပြီဖြစ်ကာ အထွက်နှုန်းကောင်းမွန်သည့်အပြင် ဈေးကောင်း ရရှိကြောင်း နှမ်းစိုက်တောင်သူများထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်မှ တောင်သူများသည် နှမ်းများ မစိုက်ပျိုးမီ



အချိန်ကပင် ထယ်ရေးဖမ်းကာ မြေများနှပ်ထားပြီး မိုးများစတင် ဖြိုင်ဖြိုင်ရွာချိန်တွင် နှမ်းများကိုကြဲပက်ကာ အပင်ပေါက်များ ကောင်းမွန် ၍ အပင်ဖြစ်ထွန်းမှု အရိုန်မပြတ်ဘဲ အပွင့်ပွင့်ချိန်၊ သီးလုံးများဖြစ်ထွန်း ချိန်အထိ မိုးရွာသွန်းမှု ကောင်းမွန်သောကြောင့် နှမ်းများအထွက်နှုန်း ကောင်းမွန်ကြောင်း ရေပုတ်ကျေးရွာ နှမ်းစိုက်တောင်သူများထံမှ သိရ သည်။

မိုးကြိုနှမ်းများကို မေလဆန်းတွင် စတင်စိုက်ပျိုးကာ နှမ်းများ ဖြစ်ထွန်းပြီး အပင်များကောင်းမွန်လျက်ရှိသောကြောင့် တစ်ဧကလျှင် တင်း ၂၀ ထွက်ရှိကာ ယခုနှစ် မိုးနှမ်းစိုက်ပျိုးသူများ စားသုံးဆီဖူလုံရုံ သာမက နှမ်းဈေးများမှာလည်း နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀၊ နှမ်းဖြူ တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ ဈေးရရှိ၍ တွက်ခြေကိုက်ကာ နှမ်းစိုက်တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိသောကြောင့် တိုးချဲ့စိုက်ပျိုးလာကာ မင်းဘူး(စကု)တစ်မြို့နယ်လုံး ၅၇၄၀၅ ဧက အထိ စိုက်ပျိုးထားကြကြောင်း မင်းဘူးမြို့ စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဇော်မင်းသူထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**

## လေးမျက်နှာမြို့၌ ဧဝန်မြစ်အတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်

**လေးမျက်နှာ ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန က သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့ စေရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာများ ပိုမိုရရှိစေရေး တို့အတွက် ဧဝန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ခတ္တာကျေးရွာ ထူပါရုံစေတီဘေး ဧဝန်မြစ်အတွင်း ငါးမျိုး စိုက်ထည့်ခြင်း အခမ်းအနားကို ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဆိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးပိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့များတက်ရောက်၍ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေ ၁၅၀၀၀၀ နှင့် ငါးခုံးမကြီး သားပေါက်ကောင်ရေ ၁၅၀၀၀၀၊



စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၃၀၀၀၀၀ အား ဧဝန်မြစ်အတွင်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်သည် အမှုသည်တို့၏အကျိုးကို အမြန်ဆုံးသက်ရောက်စေနိုင်သော ကောင်းကျိုးများရရှိ

**တောင်ကြီး ဇူလိုင် ၂၃**

ရှမ်းပြည်နယ် တရားလွှတ်တော်က ကြီးမှူးကျင်းပသည့် တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့်စပ်လျဉ်းသည့် မိတ်ဆက်ရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆိုသည်မှာ တရားရုံး၌စွဲဆိုပြီးဖြစ်သော တရားမမှုများအား အမှုသည်တို့၏ဆန္ဒအရဖြစ်စေ၊ သတ်မှတ်ချက်အရဖြစ်စေ၊ တရားရုံးရှိ စေ့စပ်ဖြေရှင်းရေးဌာန၌ အမှုသည်များကိုယ်တိုင်ပါဝင်ပြီး စေ့စပ်ဖြေရှင်းရာတွင် တရားရုံးက တာဝန်ပေးအပ်သည့် စေ့စပ်ဖြေရှင်းရေး အရာရှိတစ်ဦးက အမှုသည်များအကြား ကြားဝင်ကူညီဆောင်ရွက်ပေးခြင်းဖြင့် အငြင်းပွားမှုများကို ဖြေရှင်းပေးရခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ် တရားလွှတ်တော်အနေဖြင့် ယခုအခါ စေ့စပ်ဖြေရှင်းရေးဌာနကို ဖွင့်လှစ်ထားရှိပြီး ဩဂုတ် ၁ ရက်မှ စတင်ကာ ပြည်နယ်အတွင်းရှိ တရားရုံးများ၌ စွဲဆိုသော တရားမကြီးမှုများနှင့်စပ်လျဉ်း၍ စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်သည် အမှုသည်တို့၏အကျိုးကို အထိရောက်ဆုံးနှင့် အမြန်ဆုံးသက်ရောက်စေနိုင်သော ကောင်းကျိုးများရရှိနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ အများပြည်သူက ယုံကြည်ကိုးစားရသည့် တရားရုံးများဖြစ်ပေါ်လာစေရန် ကြိုးစားဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက စေ့စပ်ဖြေရှင်းစနစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြည်နယ်(ပြန်/ဆက်)



## အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) များအား Software Program ဖြင့် ထည့်သွင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇူလိုင် ၂၃**

ကယားပြည်နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ- ၆၆/၆) များအား Software Program ဖြင့် ထည့်သွင်းနေမှုကို လွိုင်ကော်မြို့ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး ကွန်ပျူတာခန်းမ၌ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်စေရေးနှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) များ တိကျမှန်ကန်မှုရှိစေရေးအတွက် ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်၏ နိုင်ငံသားကိုယ်ရေးမှတ်တမ်းအချက်အလက်များကို e-ID စနစ်ဖြင့် Software အသုံးပြုကာ Data base အတွင်း ထည့်သွင်းသည့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ e-ID စနစ်ဖြင့် Software အသုံးပြုကာ Data base အတွင်း ထည့်သွင်းသည့်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်းကာ ဇူလိုင် ၁၈ ရက်မှစတင်၍ ရက်ပေါင်း ၆၀ အတွင်း အိမ်ထောင်စုလူဦးရေစာရင်းစုစုပေါင်း ၆၅၀၁၁ ခုကို ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

## မုံရွာမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မုံရွာ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မုံရွာမြို့ လယ်တီရပ်ကွက် ပြည်ထောင်စုလမ်းမကြီးဘေးရှိ ပြည်ထောင်စုဈေး တည်ဆောက်ရေးရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ၁၇ ဒသမ ၂၅ ဧက မြေပေါ်တွင် အလျား ပေ ၆၀၊ အနံ ပေ ၄၀ ရှိ ဈေးဆိုင်ခန်း ၁၃၆၀ နှင့် ကွန်ကရစ်လမ်းများ ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများကို စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာ တည်ဆောက်ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ကာလတွင် အချိန်မီပြီးစီးရေးတို့ကို မှာကြားကာ ပြည်ထောင်စုဈေး ဆောက်လုပ်မည့် မြေနေရာ ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ကန်သာယာ ညဈေးတန်း တည်ဆောက်မည့် မြေနေရာ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ကန်သာယာ ညဈေးတန်းဆိုင်ခန်း အလျား ရှစ် ပေ၊ အနံ ၁၀ ပေ၊ ဈေးဆိုင်ခန်း ၃၀၈ ခန်းနှင့် ဈေးအတွင်း လျှောက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကွန်ကရစ် ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)



## မြစ်ကြီးနားတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲ ကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား/အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၃ နာရီခွဲက တက္ကသိုလ်ဘောလုံးကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ဖွင့်လှစ်အားပေးခဲ့ကြသည်။

**တိုက်တွန်းပြောကြား**

ရှေးဦးစွာ ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၅ ရက်အထိ ကျင်းပသွားမည့် ဘာသာရပ်ပေါင်းစုံမှ ပြိုင်ပွဲဝင် အမျိုးသားဘောလုံးအသင်း ၁၀ သင်းနှင့် အမျိုးသမီးဘောလုံးအသင်း ငါးသင်းတို့မှ အားကစားသမားများအား ပြည်နယ်ဝန်ကြီးချုပ်က ယနေ့တက္ကသိုလ်တွင် ကျင်းပမည့် အမျိုးသား/ အမျိုးသမီး ဘောလုံးပြိုင်ပွဲသည် အားကစားကဏ္ဍကို မြှင့်တင်နိုင်သည့် အလေ့အကျင့်ကောင်းတစ်ခု ဖြစ်သည့်အပြင် ကိုယ်ကာယကြံ့ခိုင်ပြီး စိတ်ဓာတ်ကောင်းမွန်သော၊ စုပေါင်းဆောင်ရွက်တတ်သော ကျောင်းသားလူငယ်ကောင်းများဖြစ်လာစေရေး၊ အနာဂတ်နိုင်ငံတော်အတွက် ထက်မြက်သည့် နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်ရမည့် အလေ့အကျင့်ကောင်းတစ်ခုလည်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ်ပြိုင်ပွဲမှတစ်ဆင့် ပြည်နယ်လက်ရွေးစင်၊ နိုင်ငံ့လက်ရွေးစင်ကစားသမားများ ဖြစ်လာစေရန် အစွမ်းကုန်ကြိုးစားသွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဘောလုံးပြိုင်ပွဲအသင်းများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မျိုးဦးက ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ထောက်ပံ့သည့် အားကစားအထောက်အကူပြုပစ္စည်းများကို ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းထံ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဖွင့်ပွဲအထိမ်းအမှတ် မြစ်ကြီးနားတက္ကသိုလ်ကျောင်းသူလေးများက Physical Fitness Dance အကဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည့် သင်္ချာအသင်းနှင့် ဒဿနိကဗေဒအသင်းတို့မှ အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ကြပြီး မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်က ဘောလုံးကန်ဖွင့်လှစ်ပေးကာ အသင်းနှစ်သင်း၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

■

# မြတ်နိုးဖွယ်ရာ ဤကမ္ဘာ

ကမ္ဘာကြီးသည် ရေ၊ မြေ၊ လေထု နေရာအနှံ့အပြားတွင် သက်ရှိအားလုံးအတွက် နှစ်အကန့်အသတ်မဲ့နေထိုင်ခွင့်၊ အကန့်အသတ်မဲ့ ဦးရေတိုးပွားခွင့်များနှင့်အတူ ကောင်းမွန်သောရာသီဥတု လက်ဆောင်ပေးထားခဲ့သည်။ ကမ္ဘာကြီးပေါ်တွင် စိမ်းစိုလန်းဆန်းခြင်း၊ အပူအအေးညီမျှခြင်း၊ ရေကောင်းရေသန့်နှင့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးထားခဲ့သော်လည်း လူသားများ၏ မဆင်မခြင်ပြုမူနေထိုင်မှုများကြောင့် ကမ္ဘာကြီးသည် ဒဏ်ရာများစွာဖြင့် နာမကျန်းဖြစ်လာခဲ့သည်။ ကမ္ဘာကြီးသည် စကားမဆိုတတ်သည့်တိုင် လူတိုင်း နားလည်လွယ်ကူသော ရာသီဥတုနိမိတ်သင်္ကေတများဖြင့် အချက်ပြအသိပေးလျက်ရှိသည်။

ထက်ဝေအောင်(စစ်ကိုင်း)



မြေမျက်နှာပြင်နှင့် လေထုအတွင်း အပူရှိန်မြင့်မားလာခြင်းက ကမ္ဘာကြီးပူနွေးလာမှုကို ပြဆိုနေသည်။ မြေမျက်နှာပြင်တွင် စုပ်ယူထားသည့် အပူလှိုင်းများနှင့်လေထုအတွင်းမှ များပြားသော ဓာတ်ငွေ့များက ကမ္ဘာကြီးကို ပိုမိုပူနွေးစေသည်။ စက်ရုံ၊ အလုပ်ရုံနှင့် စက်တပ်ယာဉ်များ တိုးပွားလာခြင်းက လေထုအတွင်း မှန်လုံအိမ်ဓာတ်ငွေ့များ ဖြစ်ပေါ်စေသည်။ လေထု၏အရည်အသွေးပိုင်းကျဆင်းခြင်း၊ အပူစုပ်ယူထုတ်လွှတ်မှု အားကောင်းလာခြင်းကို တွေ့ရသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် ကမ္ဘာကြီးပူနွေးမှု၏ အရိပ်လက္ခဏာဖြစ်ပါသည်။ အဆိုပါအရိပ်လက္ခဏာမှတစ်ဆင့် ရရှိနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများသည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ငလျင်လှုပ်ခတ်ခြင်းတို့ ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်သည် လူနှင့် သက်ရှိသတ္တဝါများအတွက် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်ပြီး သဘာဝဘေးအန္တရာယ်အသွယ်သွယ်ကို ဖိတ်ခေါ်ခြင်းနှင့်လည်း တူသည်။

### ပလတ်စတစ်စွန့်ပစ်သည့် အလေ့အကျင့်

သန့်ရှင်းသောကမ္ဘာမြေကြီးအဖြစ် အခွန့်ရှည်တည်တံ့ရေးသည် လူသားတိုင်း၏တာဝန်ဖြစ်သည်။ ညစ်ညမ်းသောကမ္ဘာကို သန့်ရှင်းရေးပြုလုပ်ရန်မှတစ်ပါး အခြားမရှိနိုင်သဖြင့် ကမ္ဘာမြေကို ဖျက်ဆီးနေသည့် အပြုအမူလုပ်ရပ်များကို ရှောင်ရှားခြင်းဖြင့် ကူညီကြရမည်ဖြစ်သည်။ စီးဆင်းနေသည့် မြစ်ချောင်းများ မပိတ်ဆို့ရန်လိုသည်။ ရေစီးရေလာကောင်းမွန်မှု၏ အနှောင့်အယှက်ဖြစ်သည့် မြစ်ချောင်း၊ ပင်လယ်ပြင်အတွင်း ပလတ်စတစ်စွန့်ပစ်သည့်အလေ့အကျင့်ကို ဖျောက်ပစ်ရမည် ဖြစ်သည်။ ပလတ်စတစ်သည် ကမ္ဘာကြီးကို အသက်ရှူကျပ်စေသည်။ ပလတ်စတစ်သုံးစွဲမှု ဖောင်းပွခြင်းမှတစ်ဆင့် ရေပြင်၊ မြေပြင်ကို မညစ်နွမ်းစေသင့်ပေ။ ပင်လယ်အတွင်းရှိ ရေနေသတ္တဝါများ မသေဆုံးစေရန်၊ မျိုးတုံးမပျောက်ကွယ်စေရန် ပလတ်စတစ်စွန့်ပစ်မှုကို ထိန်းသိမ်းသွားကြရမည် ဖြစ်သည်။

အလားတူ စွမ်းအင်အလွန်အကျွံထုတ်လုပ်သုံးစွဲခြင်းကြောင့်လည်း ကမ္ဘာကြီးအပူရှိန်ဖြင့် လောင်ကျွမ်းသွားစေနိုင်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်း မြေပြင်၊ ရေပြင်မှ လျှပ်စစ်စွမ်းအင်အမျိုးမျိုး ထုတ်ယူသုံးစွဲကြသည်။ လျှပ်စစ်စွမ်းအားရနိုင်သည့် နည်းလမ်းမျိုးစုံကျင့်သုံးပြီး ကျောက်မီးသွေး၊ ရေနံနှင့် ဓာတ်ငွေ့များအသုံးပြုကာ လျှပ်စစ်ထုတ်လုပ်လာကြသည်။ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်သည် မရှိမဖြစ်စွမ်းအင်တစ်ခုဖြစ်သည်။ သို့သော် စက်မှုအခန်းကဏ္ဍဖွံ့ဖြိုးခြင်း၏နောက်ကွယ်တွင် လေထု၊ ရေထုဇဟိုပြုသော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည်။ ဓာတုစွန့်ပစ်ပစ္စည်းများ ရေထုအတွင်းပျော်ဝင်ရာမှ ရေထုအဆိပ်သင့်ပါလျှင် ရေနေသတ္တဝါများစွာ သေဆုံးနိုင်သကဲ့သို့ သောက်သုံးရေအတွက်လည်း ညစ်ညမ်းသွားစေနိုင်သည်။ အစိမ်းရောင်ကမ္ဘာတစ်ခုဖြစ်စေရန် အစိမ်းရောင်စွမ်းအင် ထုတ်လုပ်ခြင်းနည်းလမ်းများ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲရမည်ဖြစ်သည်။ နေစွမ်းအင်မှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း အကျိုးတရားများ ရရှိနိုင်သည့်အပြင် လေထုကိုလည်း သန့်ရှင်းစင်ကြယ်စေနိုင်သည်။

### ဘေးအန္တရာယ်လျှော့နည်းရေး ဝိုင်းဝန်းအဖြေရှာ

သဘာဝအားဖြင့်နွေရာသီတွင်ပူသင့်သလောက်ပူပြီး မိုးရာသီတွင် မိုးရွာသွန်းသင့်သလောက် ရွာချရမည်ဖြစ်သည်။ အလားတူ ဆောင်းတွင်းကာလအေးမြမှသာ ဥတုရာသီညီသည်ဟု ဆိုနိုင်သည်။ သဘာဝအလျောက်ဖြစ်စေ၊ လူများ၏ ပြုမူဆောင်ရွက်မှုကြောင့်ဖြစ်သော မတော်တဆပေါ့ဆမှု၊ သတိမမူမှုတို့ကြောင့် ဖြစ်ပွားရသော သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့ရှိသည်။ သဘာဝဘေးအန္တရာယ်သည် ရေထု၊ မြေထု၊ လေထုကို အမှီပြုနေသူအားလုံးနှင့် တိုက်ရိုက်အချိုးကျသက်ဆိုင်လျက်ရှိပြီး မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်း၊ မိုးကြိုးပစ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မြေငလျင်လှုပ်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းဖြတ်ခြင်း အစရှိသော ဘေးအန္တရာယ်လျှော့နည်းရေး ဝိုင်းဝန်းအဖြေရှာဆောင်ရွက်ကြရမည်ဖြစ်သည်။

ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာအဖွဲ့ကြီး၏ အစီရင်ခံစာအချို့တွင် ကမ္ဘာ့အပူရှိန်မြင့်မားမှုကို လူသားများ၏ပယောဂကြောင့်ဖြစ်သည်ဟု အတိအလင်းဖွင့်ဆိုထားရှိသည်။ ထို့အတူ ကာဗွန် အလွန်အကျွံထုတ်လွှတ်သည့်အချက်ကိုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုနောက်ဆက်တွဲအကျိုးအဖြစ် ပင်လယ်ရေမျက်နှာပြင်ကို မြင့်တက်လာစေပြီး ရေခဲမြစ်များ၊ ရေခဲပြင်များ အရည်ပျော်ဝင်လျက် ပင်လယ်တွင်း စီးဝင်စေသည်။ အပူရှိန်မြင့်မားခြင်း၏ အကျိုးဆက်အဖြစ် လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ရေခဲပြင်များ လုံးဝအရည်ပျော်သွားနိုင်ခြေရှိပြီး ကမ္ဘာ့နိုင်ငံအချို့၊ မြို့ကြီးအချို့ရေအောက်ရောက်မည့် အန္တရာယ်၊ ကမ်းရိုးတန်းဒေသများ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်မှု အခြေအနေများကို စစ်တမ်းတွင် သတိပေးဖော်ပြထားရှိသည်။

ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလျက်ရှိပေသည်။ လူဦးရေနှင့်အတူ လိုအပ်လျက်ရှိသည့် အခြေခံစားသောက်ကုန်၊ လူသုံးပစ္စည်းအမျိုးမျိုး၊ လောင်စာ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး အစရှိသည်တို့ကိုလည်း လုံလောက်အောင် ထုတ်လုပ်လာကြသည်။ နိုင်ငံ့စီးပွားရေးမှ ကမ္ဘာ့စီးပွားရေး အလေးသာအောင်မြင်မှုရရှိစေရန် သူ့ထက်ငါ ကြိုးစားလာကြသည်။ တစ်ဖက်ရှိ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှု အပိုင်းတွင် သိသိသာသာ ပိုမိုမြင့်မားလာခဲ့သည်။ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှု အနည်းဆုံး အညွှန်းကိန်းတစ်ခုမှ သွားနိုင်မည်ဆိုပါက ကမ္ဘာကြီးဘေးသင့်စရာလမ်း မရှိနိုင်ပေ။ ဆိုးရွားသော အပူလွန်ကဲမှုပြဿနာ၊ အအေးလွန်ကဲမှု ပြဿနာများကို ရှောင်ရှားနိုင်စေမည်ဖြစ်သည်။

> **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် လူသုံးကုန်ပစ္စည်းအမျိုးမျိုးမှ စွန့်ပစ်ပစ္စည်းများနှင့် စက်ရုံထွက်စွန့်ပစ်အညစ်အကြေးများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းကို ဆင်ခြင်သင့်သည်။ ကမ္ဘာတစ်ဝန်းလုံး ထင်းအစားထိုးလောင်စာသုံးစွဲခြင်းကို အားပေးကြရပါမည်။ လောင်စာအတွက် ထင်းများအဆမတန်ခုတ်လှဲခြင်း၊ ပရိဘောဂနှင့် အိမ်ဆောက်ပစ္စည်းများအတွက် သစ်ပင်များ အလုံးအရင်းခုတ်လှဲခြင်းတို့ကို ထိန်းညှိသင့်သည်။ သစ်တစ်ပင်၏ရှင်သန်မှု အသက်ကာလအလိုက် အစားထိုးသစ်ပင်စိုက်ပျိုးခြင်းကို တွန်းအားပေးလုပ်ဆောင်ကြရပါမည်။ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း၊ အမှိုက်များမီးရှို့ခြင်း၊ တောမီးရှို့ခြင်း အပြုအမူများကို ကိုယ်စီသတိပြုဆင်ခြင်ကြရမည်**

### ကမ္ဘာကြီးပူနွေးမှုကို ကာကွယ်ရန် နည်းလမ်းမျိုးစုံအသုံးပြု

ကမ္ဘာ့နိုင်ငံအသီးသီးသည် ကမ္ဘာကြီးပူနွေးမှုကို ကာကွယ်ရန် နည်းလမ်းမျိုးစုံအသုံးပြုလာခဲ့ကြသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ လျှော့ချရေးအစီအစဉ်များလည်း တစိုက်မတ်မတ် ကြိုးစားလာကြသည်။ သစ်တောပြုန်းတီးမှု ပြဿနာကို အဖြေရှာဖွေလျက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ဖြည့်တင်းနိုင်ရေး အားထုတ်လာကြသည်။ သစ်တောများကို ကမ္ဘာကြီး၏အဆုတ်ဟုပင် တင်စားထားသဖြင့် သစ်တောသစ်ပင်များကို လိုအပ်သည်ထက် ပိုမိုမထုတ်ယူရန်လိုအပ်သည်။ သစ်ပင်များမှ ကာဗွန်စုပ်ယူနိုင်မှုအခြေအနေနှင့် ကာဗွန်ထုတ်လွှတ်မှုအခြေအနေများ ဟန်ချက်ညီရန် လိုအပ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် လူသုံးကုန်ပစ္စည်းအမျိုးမျိုးမှ စွန့်ပစ်ပစ္စည်းများနှင့် စက်ရုံထွက် စွန့်ပစ်အညစ်အကြေးများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းကို ဆင်ခြင်သင့်သည်။ ကမ္ဘာတစ်ဝန်းလုံး ထင်းအစားထိုးလောင်စာသုံးစွဲခြင်းကို အားပေးကြရပါမည်။ လောင်စာအတွက် ထင်းများ အဆမတန် ခုတ်လှဲခြင်း၊ ပရိဘောဂနှင့် အိမ်ဆောက်ပစ္စည်းများအတွက် သစ်ပင်များ အလုံးအရင်းခုတ်လှဲခြင်းတို့ကို ထိန်းညှိသင့်သည်။ သစ်တစ်ပင်၏ရှင်သန်မှု အသက်ကာလအလိုက် အစားထိုးသစ်ပင်စိုက်ပျိုးခြင်းကို တွန်းအားပေး လုပ်ဆောင်ကြရပါမည်။ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း၊ အမှိုက်များမီးရှို့ခြင်း၊ တောမီးရှို့ခြင်း အပြုအမူများကို ကိုယ်စီသတိပြု ဆင်ခြင်ကြရမည်ဖြစ်သည်။ ထို့အတူ လျှပ်စစ်မီးချွေတာသုံးစွဲခြင်း၊ တန်ဖိုးရှိသော ရေကို ချွေတာသုံးစွဲခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်း အလေ့အကျင့်ကောင်းများ မွေးမြူကြရပါမည်။

### မျိုးဆက်သစ်တို့ကမ္ဘာ အခွန့်ရှည်တည်တံ့ခိုင်မြဲရေး

လေထုညစ်ညမ်းမှုကိုဖြစ်စေသော လောင်ကျွမ်းမှုနှင့် အခိုးအငွေ့ အလွန်အကျွံထုတ်လွှတ်မှုကို လျှော့ချပစ်နိုင်မှသာ သန့်စင်သောလေထုကိုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ကျောက်မီးသွေး၊ ရေနံထွက်ပစ္စည်းများ လောင်ကျွမ်းခြင်းကြောင့် ဆာလ်ဖာဒိုင်အောက်ဆိုက်များထွက်ရှိခြင်း၊ တောမီးကဲ့သို့ အပြင်းစားလောင်ကျွမ်းမှုမှ နိုက်ထရိုဂျင်အောက်ဆိုက်များထွက်ရှိခြင်းနှင့် မော်တော်ယာဉ်များ၏ အိတ်ဇောပိုက်များမှ ကာဗွန်အငွေ့ထွက်ရှိခြင်းတို့မှ ကမ္ဘာ့လေထု၏ အရည်အသွေးကောင်းများကို လျှော့ချပစ်နိုင်စွမ်းရှိသည်။ သို့ဖြစ်ရာ ညီညွတ်သော ရာသီဥတုဖြစ်ပေါ်ရေး၊ လေကောင်းလေသန့်ရရှိရေး ဥပဒေမဲ့ တောခုတ်ခြင်းများကို ဥပဒေဖြင့် တားဆီးကာကွယ်ကြရပါမည်။ သစ်ပင်စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင် မပျက်စီးခြင်း၊ ရာသီဥတုထိန်းညှိပေးခြင်းဆိုင်ရာလုပ်ငန်းများကို အာမခံနိုင်ခြင်းကြောင့် မျိုးဆက်သစ်တို့ကမ္ဘာအခွန့်ရှည်တည်တံ့ခိုင်မြဲရေး လူတစ်ယောက်လျှင် သစ်ပင်တစ်ပင် စိုက်ပျိုးရန် လိုအပ်လှပါကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးရှုထောင့်မှ ရေးသားတင်ပြလိုက်ရပါသည်။ ။

ဝတ္ထုတို

## ဆလိုင်းသန်းဇော်ဝင်း




သားက တတိယတန်းမှာ တက်နေတာ။ ကျောင်းတက်ရတာ ပျော်တယ်လည်းမဟုတ်ဘူး။ မပျော်ဘူးလည်း မဟုတ်ပါဘူး။

ဒီလိုလေ။ သူငယ်ချင်းတွေနဲ့ ကစားရလို့ ပျော်ပါတယ်။ စာသင်ရလို့ ပျင်းစရာကောင်းတယ်။ နွေကျောင်းပိတ်ရင်လည်း ဓမ္မစကူးတက်ရပြန်တယ်။

ဘာလို့မှန်းတော့မသိဘူး။ အခုလိုမျိုး ကျောင်းစာတက်နေတဲ့အချိန်ဆို ဓမ္မစကူးကို လွမ်းမိတယ်။ ဓမ္မစကူးတက်ချင်နေမိတယ်။ ဟော ဓမ္မစကူးတက်နေတဲ့ အချိန်တုန်းကလည်း ကျောင်းတက်ချင်နေမိပြန်တယ်။ သားကိုယ်သား နားမလည်တော့ဘူး။

ချက်ဖောင်းတို့၊ ဖိုးနီတို့၊ အောင်ကျော်တို့ကို မေးကြည့်တော့လည်း သားလိုပဲ ခံစားကြရတယ်တဲ့။

အခုဆို သားက ကျောင်းတက်နေရတော့ ဓမ္မစကူးကို တက်ချင်နေမိပြန်တယ်။

"ဟေ့ကောင် ချက်ဖောင်း ညနေကျောင်းဆင်းရင် ဘာလုပ်ကြမလဲ"

"သရေကွင်းပစ်မယ်ကွာ။ မနေ့က ငါရှုံးထားတာ ပေသီးတို့ကို မကျေနပ်ဘူး။ ဒီနေ့ပြန်ဆော့မယ်"

"အေးကောင်းတယ်။ ပြီးရင် ချောင်းထဲကို ရေကစားသွားကြရအောင်ကွာ"

"ဘယ်လိုပဲဖြစ်ဖြစ် ငါကရပါတယ်။ မင်းသာ မင့်အမေက ရိုက်နေဦးမယ်"

"မသိအောင်သွားမှာပေါ့ကွ"

"အေးကွာ"

ညနေရောက်တော့ သားတို့ရေကစားသွားကြတယ်။ ရေချိုးလို့ ချမ်းလာရင် တစ်နေကုန်ပူထားတဲ့ သဲပြင်မှာ လူးလိမ့်လိုက်၊ ရေပြန်ကစားလိုက်နဲ့ နေဝင်တဲ့ထိ အောင်ကို ကစားခဲ့ကြတယ်။ အသားအရေတွေလည်း ပြာနှမ်းလို့ပေါ့။

နေဝင်လို့ အိမ်ပြန်မယ်လည်းလုပ်ရော "မေမေ့တုတ်စာတော့မိပါပြီ"ဆိုပြီး သားမှာ ကြောက်ရွံ့နေမိတယ်။ ပြီးတော့ ဘယ်လို လိမ်ညာပြောရမလဲ ဆိုပြီးလည်း တွေးနေမိတယ်။

သားက မေမေ့ကိုဆို သိပ်ကြောက်တာဗျ။ ကျောင်းဆင်းလို့ အိမ်တန်းပြန်မလာတာမျိုး၊ တစ်ညနေလုံး အိမ်မကပ်ဘဲ ဆော့ကစားနေတာမျိုးဆိုရင် မေမေက ကြိမ်လုံးကျိုးအောင် ရိုက်တတ်တာ။ ဟိုတလောလေးကမှ အရိုက်ခံရတာ မကြာသေးဘူး။ အခုလည်း မေမေ့ကို ဘယ်လိုရင်ဆိုင်ရပ့ါမလဲဆိုပြီး စိုးရွံ့နေမိတယ်။

ဒါနဲ့ အိမ်ပြန်ရောက်သွားတော့ သားလေ မသိမသာလေး အိမ်ထဲဝင်သွားလိုက်တယ်။ တော်ပါသေးရဲ့။ သားပြန်လာတာကို မေမေရော ဖေဖေရော သတိထားမိကြပုံမပေါ်ဘူး။ အလုပ်တွေရှုပ်နေကြတယ်။ သားတစ်ခါမှ မမြင်ဖူးသေးတဲ့ ဧည့်သည်တစ်ယောက်နဲ့ စကားတွေပြောနေကြတယ်။

ဗျာ။ အဲဒီဧည့်သည်လူကြီး ပုံစံလား။ နှုတ်ခမ်းကထော်ထော်၊ နှာခေါင်းက ပွပွကြီးကြီးနဲ့ မုန်းစရာသိပ်ကောင်းတယ်။ ပြီးတော့ သွားကလည်း ကျိုးနေသေးတယ်။ စကားပြောရင် မပီကလာ ပီကလာနဲ့။ အဲဒီလူကြီးက သားကိုကြည့်ပြီး "ဟဲ့မလှစိန် ဒါနင်တို့သားလား။ လူချောလေးပဲကွ"ဆိုပြီး မေမေ့ကို မေးနေတယ်။

"ဟုတ်ပ့ါဗျာ။ ကျုပ်တို့မှာ ဒီတစ်ယောက်တည်းရှိတာ။ ဆော့လိုက်တာလည်း လွန်ပါရော ကိုဖြောကြီးရာ"

ဖေဖေက ဝင်ပြီး ဖြေလိုက်တယ်။ ပြီးတော့ အဲဒီလူကြီးက သူ့ဘာသာ အခြားအကြောင်းအရာတွေကို ဆက်ပြောနေပြန်တယ်။

"တကယ်ပါ ငါ့နှမရယ် ခုလမကုန်ခင် အကျေပြန်ဆပ်ပ့ါမယ်။ စိတ်သာချပါ မရှိ၊ ရှိတာ ရောင်းချပြီးကို ဆပ်မှာပါ"

"ဩော် ကိုဖြောကြီးရယ်။ ညီမတို့မှာလည်း မနေ့ကမှ နွားလေးတစ်ကောင် ရောင်းလိုက်ရလို့ ဒီငွေလေးရလာတာပါ။ ရှိလို့ရယ်မဟုတ်ပါဘူး။ လူတိုင်းကို မယုံဝံ့ပါဘူး။ ကိုဖြောကြီးသာ ကိုယ့်ဆွေမျိုးသားချင်းလည်းဖြစ်၊ အားလည်းနာတာနဲ့ ချေးရမှာပါ"

"အို ဒီအတွက်တော့ စိတ်သာချထားစမ်းပါ။ ငါ့နှမရယ်။ လကုန်တာနဲ့အတိုးရောအရင်းပါ ချက်ချင်းဆပ်မှာ။ နေရင်းထိုင်ရင်း ငါ့နှမတို့မှာလည်း ငွေလေးပွားတာပေါ့ မဟုတ်ဘူးလား။ ဟီး ဟီး"

ဖေဖေနဲ့ မေမေတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြတယ်။ ပြီးတော့မှ ဖေဖေက "ကဲ...ကဲ...လှစိန်ရေ သူလိုသလောက်သာ ချေးပေးလိုက်ပါတော့ကွာ။ သူစိမ်းတွေမှ မဟုတ်ကြဘဲ" ဆိုပြီး ပြောလိုက်တယ်။

အဲဒီလူကြီးကတော့ သွားကြီးကိုဖြီးလို့ပေါ့။ အားကြီး အားကြီး မုန်းစရာကောင်းတယ်။ ဘာပဲဖြစ်ဖြစ် သားပျော်မိပါတယ်။ သားကို မေမေရော၊ ဖေဖေရော ဘယ်သူကမှ မဆူကြတော့ဘူးလေ။

x x x x x

နေ့တိုင်းလိုပါပဲ သားတို့ရေကစားကြတယ်။ မန်ကျည်းပင်ပေါ်တက်ပြီးဆော့ကြတယ်။ ရွံ့ခွာပြီး အိုးပုတ်လုပ်တမ်း၊ နွားရုပ်လုပ်တမ်းကစားကြတယ်။ သဲပြင်ပေါ်မှာ ရေလောင်းပြီး အိမ်တွေဆောက်ကြတယ်။ သစ်ပင်ပေါ်တွေတက်တာတို့၊ အချိန်နဲ့ပြန်မလာတာတို့ဆိုရင် တစ်ခါတစ်ခါလည်း အရိုက်ခံရတယ်။

သားကလည်း ဘယ်ရမလဲ "ဆရာမက အချိန်ပိုသင်နေလို့ပါ"လို့ မေမေ့ကို ညာပြောတာပေါ့။ အဲအခါကျတော့ မေမေက မရိုက်တော့ဘူးသိလား။ ဘယ်ရိုက်မလဲ သားကလိမ်ပြောတာကို မေမေက တကယ်ယုံလိုက်တာကိုး။

ဒီနေ့တော့သားတို့ကျောင်းမတက်ဘဲ ဖိုးနီတို့ လယ်ထဲဘက်ကို သွားကြတယ်။ အဲဒီမှာက လယ်ကန်သင်းတွေမှာ ထန်းပင်တွေလည်းအများကြီး စီတန်းလို့၊ သူတို့တဲနားမှာလည်း သရက်ပင်ကြီးတွေ၊ မာလကာပင်တွေ အုံ့အုံ့ဆိုင်းဆိုင်းနဲ့ အများကြီးရှိတယ်။ အရမ်းပျော်ဖို့ကောင်းတယ်။

ဩော် ဆရာမကိုလား။ "သားနေမကောင်းလို့ကျောင်းမလာနိုင်သေးပါ" လို့ မီမီနိုင်နဲ့ မှာလိုက်တယ်လေ။ ကျောင်းလွယ်အိတ်တွေကိုတော့ ချက်ဖောင်းတို့ အမေကြီး(အဘွား) အိမ်မှာထားပစ်ခဲ့လိုက်တယ်။

သားတို့လည်း ထန်းသီးဆန်တွေစား၊ မာလကာပင်တွေပေါ်တက်ပြီး ဆော့နေကြတုန်း မေမေလေ မေမေပေါ့။ ဘယ်ကနေ ဘယ်လို သိသွားတယ် မသိပါဘူး။ သားတကယ်ကို ထင်မထားမိဘူး။ မေမေ ရောက်လာတယ်။ ဟိုးအဝေးကြီးကတည်းက အော်ပြီးခေါ်နေတာ။ "လာခဲ့စမ်း။ ခုချက်ချင်းလာခဲ့စမ်း"တဲ့။ လက်ထဲမှာလည်း တုတ်ကြီးနဲ့။

နောက်တော့ "ညာချင်ဦးမလား။ ငါ့ကိုလိမ်ညာဦးမလား"ဆိုပြီး "တရွှမ်းရွှမ်း" နဲ့ ရိုက်တော့တာပဲ။ သားလည်း အော်ငိုတာပေ့ါ။ "ကြောက်ပါပြီ မေမေရဲ့"ဆိုပြီး အော်တာပေ့ါလေ။

မေမေက သားကိုရိုက်ပြီး သူလည်း ငိုနေတယ်။

ပြီးတော့ "ကတိမတည်တဲ့ လူလိမ်လူညာတွေဆို ငါကသိပ်မုန်းတာဟဲ့" လို့လည်း ပြောရင်း သားလက်ကိုဆွဲပြီး အိမ်ကို ပြန်ရတော့တာပဲ။

x x x x x

ခုတလော ဖေဖေနဲ့မေမေ နေ့တိုင်း ရန်ဖြစ်ကြတယ်။ "အ, တာကိုး အလိမ်ခံရမှာပေ့ါ"ဆိုပြီး တစ်ယောက်နဲ့ တစ်ယောက် အပြစ်တင်ပြောဆိုကြတယ်။ မေမေကလည်း ပူညံပူညံနဲ့ဆိုတော့ အိမ်မှာ အမြဲစိတ်ဆင်းရဲကြရတယ်။

ဟုတ်။ သူတို့ဘာဖြစ်နေကြတာလဲ ဆိုတာ သားကသိပြီးပါပြီ။ ဘာဖြစ်ရမှာလဲ။ ဟိုလူကြီးပေ့ါ ပိုက်ဆံချေးတဲ့ လူကြီးလေ။ မေမေတို့ကို ညာပြီး ထွက်ပြေးသွားပြီတဲ့။ ရွာထဲက အခြားဆွေမျိုးအိမ်တွေကလည်း ပိုက်ဆံတွေ ပါသွားကြသေးတယ်တဲ့။ မေမေက ပြောပြတာပါ။ အဲဒါကြောင့် သားက အဲဒီလူကြီးကိုဆို သိပ်မုန်းတာပဲ။

အခုဆို သားတို့က ယဉ်ကျေးလိမ္မာဓမ္မစကူးပြန်တက်နေရပြီလေ။ ပျော်စရာကောင်းလှပါတယ်။ ကဗျာလေးတွေလည်း တအားဆိုလို့ကောင်းတာပဲ။ ဘုန်းဘုန်းက ပုံပြင်တွေလည်း အများကြီးပြောပြတယ်။

ဟိုနေ့ကဆိုရင် ဘုန်းဘုန်းက ပုံပြင်လည်း ပြောပြပြီးရော "ဘုန်းဘုန်းနောက်က လိုက်ဆိုကြမယ်နော်"ဆိုလို့ သားတို့က နောက်က လိုက်ဆိုကြရတယ်။ ရှေ့ကနေ ဘုန်းဘုန်းတိုင်ပေးတာက "လိမ်တဲ့သူ၊ ညာတဲ့သူ၊ သွားကျိုးနှုတ်ခမ်းစူ၊ ဝက်မကြီးနဲ့တူ"တဲ့။

အဲဒီလိုလည်း အော်ဆိုလိုက်ရော သားလေ ဟိုလူကြီးကို ပြေးမြင်မိတော့တာပဲ။ တကယ်ပါ၊ တကယ်ပါ။ အဲဒီလူကြီး မျက်နှာက လိမ်တတ်၊ ညာတတ်တဲ့သူ ပုံစံမျိုးပဲလို့ သားလည်းသိလိုက်ရတာပေ့ါ။

ပြီးတော့ ပြီးတော့။ ညနေ အိမ်ကိုလည်း ပြန်ရောက်ရော သားလေ ကပျာကယာ မှန်ရှေ့ပြေးပြီး ကိုယ့်ကိုယ်ကိုယ် အငမ်းမရ ကြည့်လိုက်မိတော့တာပါပဲ။

### တောင်သူလယ်သမား မြန်ပြည်သား

❖ လယ်ယာထွက်ကုန် အလုံးစုံ
တောင်ပုံစေသား ကြိုးစားသွား
တောင်သူလယ်သမား မြန်ပြည်သား။

❖ မြန်မာပြည်အကျိုး ထမ်းရွက်ပိုး
အထွက်တိုးစေပြြား တွဲဖက်နွား
တောင်သူလယ်သမား မြန်ပြည်သား။

❖ မိုးလရာသီ မနားပြီ
အားညီဝင့်ကြွား စိုက်စပါး
တောင်သူလယ်သမား မြန်ပြည်သား။

❖ နှစ်သီးစားလျက် တိုင်းပြည်အတွက်
ရက်ဆက်,မပျက်သား စွမ်းဆောင်ပွား
တောင်သူလယ်သမား မြန်ပြည်သား။

ဝင်းကျော်ကျော်(ပျဉ်းမနား)

### မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

စာတည်းအဖွဲ့

## မိုးဦးရာသီ တောအလှပန်းချီ

မိုးဦးရာသီ ဝင်ချိန်အစ
တို့တောအလှ ရှုတင့်ဖွယ်
ချောင်းအင်းအိုင် ရေအများ
ငါးပုစွန်ကြွယ်...
ဖောင်စီးကဏန်း မြစ်အလယ်
ခပ်ယူဆယ် ဟင်းလျာကောင်း
ကဏန်းဆီ အရည်ညှစ်
ငွေဖြစ်စေကြောင်း... ။
တောဓလေ့ ရွာအလိုက်
စိုက်ပျိုးထား သီးနှံတွေ
ပဲ ချဉ်ပေါင် ဘူး သခွားနဲ့
ဟင်းစားစုံပေ...
နာနတ် သရက် သဘော်ဝေ
ငှက်ပျောရွှေ အုန်း ပိန္နဲပေါ
လတ်ဆတ်ကာ ရှမ်းရှမ်းစိုလို့
ချိုလှတဲ့ တော ... ။
မြင်မြင်သမျှ ရှုမဝတဲ့
ကျေးတောက မြင်ကွင်းငယ်
သဘာဝအလှ ပန်းချီကားမို့
အားရတင့်တယ်...
မိုးဦးတို့ ကျချိန်ဝယ်
ဇလပ် စံပယ် ဇီဇဝါတို့ ဖွေး
နှင်းဆီ ခရေ ကံ့ကော်ရနံ့ဖြင့်
သင်းပျံ့လို့ မွှေး ... ... ... ။

ကိုကိုဇင် (ပညာရေး)

## သွေးလွန်တုပ်ကွေး မဖြစ်ရေး

မပေါ့ဆနဲ့ ရင်သွေးငယ်
ခြင်ကျားအန္တရာယ်။
ဂရုစိုက်ဖွယ် နေထိုင်ပေး
ခြင်ကိုက်မခံရေး။
သွေးလွန်တုပ်ကွေး မဖြစ်အောင်
ခြင်ဆေးဖျန်းလုပ်ဆောင်။
ခြင်ထောင်ထောင်ကာ အိပ်ပါမှ
ကျန်းမာချမ်းသာရ။
ရေမြောင်းအတွင်း ရေစီးရန်
ချုံပုတ်ရှင်းအိမ်ခြံ။
ကျောက်စည်ရေကန် ရက်မခြား
ဖုံး သွန် လဲ စစ် ထား။
ကာကွယ်တားဆီး တို့တစ်တွေ
အိမ်တိုင်းအိမ်တိုင်းလေ။
အကိုက်မခံစေ နေ့ဘက်များ
ဂရုစိုက်နေ သတိထား
တိမ်းရှောင်ကြခြင်ကျား။

စျာန်လေး(ပညာရေး)

## အချိန်ရှိခိုက် လုံ့လစိုက်

စိတ်ဓာတ်ကို မြှင့်တင်ထားလို့
ကြိုးစားကြ ဘဝမှာ။
ရည်မှန်းရာ ရှေးရှုလျက်
ရှေ့ဆက်ကြပါ။
စိတ်ကောင်းမွေး လုပ်ဆောင်ကာ
ရိုးသားစွာ လျှောက်လှမ်း။
လောကဓံကို အနိုင်နှဲဖို့
အားခဲကြစမ်း။
အချိန်ကို တန်ဖိုးထားလို့
လေးစားကြ လိုက်နာရန်။
အချိန်ဟာ ဝယ်မရ
ရွှေ့ကြမှန်မှန်။
ဇွဲလုံ့လ အခြေခံ
စိတ်ထက်သန် ဝီရိယထား။
ဘဝလမ်းတွေ ဖြောင့်ဖြူးရဖို့
ပြုကြပါလား။
ဒုက္ခဟာ ကြုံတွေ့မြဲမို့
စိတ်မပျက်ဘဲ ကြိုးစားနေ။
အားစိုက်ကာ လုပ်ဆောင်ကြ
ကောင်းရအောင်လေ။
အမျိုးမျိုး ဘဝတွေ
ခက်ခဲပါစေ ရင်ဆိုင်သွား။
အချိန်ကို မဖြုန်းစမ်းနဲ့
လျှောက်လှမ်းကြိုးစား။ ။

မြင့်မိုရ်လင်း ( ချောင်းဆုံ)

ဆောင်းပါး

# ကစားချိန်မှာ ကစားခွင့်လေး ပေးလိုက်ကြပါ

## မင်းသိန်းထက်(ဇလပ်မြေ)

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်မြှင့်တင်နေကြောင်း တွေ့ရမည်ဖြစ်သည်။ ပညာရေးကဏ္ဍ မြှင့်တင်ပေးမှုနှင့်အတူ အားကစားကိုလည်း မြှင့်တင်ပေးရန် လိုအပ်ပါသည်။ လျစ်လျူရှု၍ မဖြစ်ပေ။ အကြောင်းမှာ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် လူငယ်တို့၏အခန်းကဏ္ဍနှင့် လုပ်ဆောင်မှုတို့သည် အလွန်အရေးပါလှပေသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်တို့၏ ပညာရေးကို အဓိကထား၍မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ထို့အတူ "လူငယ်နှင့် အားကစား" သည် ခွဲခြား၍မရပေ။ လျစ်လျူရှုထား၍ မဖြစ်ကြောင်းကို အလေးအနက်သိရှိထားကြရပါမည်။

မျိုးဆက်သစ်လူငယ်တို့သည် နိုင်ငံအတွက် အရေးပါသော ရင်သွေးရတနာများဟုဆိုလျှင် မှားမည်မဟုတ်ပေ။ သို့သော် မျိုးဆက်သစ်လူငယ်များ၏ နှလုံးအိမ်ထဲတွင် အသိပညာ၊ အတတ်ပညာများကို တစ်ခါတည်းဖြင့် ပြည့်ဝအောင် ထည့်ပေး၍ မရပေ။ အထူးသဖြင့် ကလေးငယ်များမှာ စိတ်ရောကိုယ်ပါ နုနယ်နေသောကြောင့် အသိပညာ၊ အတတ်ပညာများကို အတင်းထည့်ပေး၍ မဖြစ်သေးပေ။

ကလေးများနှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော ကစားနည်းများကိုအခြေခံကာ လောကကြီး၏ အသိပညာ၊ အတတ်ပညာတို့ဖြင့် ထိတွေ့ပေးရပါမည်။ အသိပညာ၊ အတတ်ပညာတို့ကို တိုက်ရိုက်သင်ကြားကောင်းများနှင့် လုပ်ရပ်ကောင်းများ ဖြစ်ပေါ်လာစေရန် သီအိုရီများကို ချပြီးသင်ပေးရုံမျှဖြင့် ရလဒ်ကောင်းများ ထွက်ပေါ်လာနိုင်ရန်အတွက် အခွင့်အလမ်းမှာ အလွန်နည်းပါးလှပါသည်။

ကလေးများ၏ သဘာဝအရ ကစားခြင်းဖြင့်သာလျှင် လက်တွေ့ဆန်ဆန်လေ့ကျင့်၍ ပျိုးထောင်ပေးနိုင်သည်ကို ဥပမာတစ်ခုဖြင့် ဆွေးနွေးပါမည်။ ကလေးများသဘာဝအရ ကစားကြရာတွင် တစ်ခါတစ်ရံ ဘောလုံးကန်၍ ကစားတတ်ကြပေသည်။ ကစားရာတွင် အားကစားစိတ်ဓာတ်ကိုအခြေခံ၍ စိတ်ဓာတ်ကောင်းများမွေးမြူပြီး ကစားတတ်စေရန် လေ့ကျင့်ပျိုးထောင်ပေးရပါမည်။ ကစားရင်းဖြင့် မိမိကြောင့်ဖြစ်စေ၊ သူတစ်ပါးကြောင့်ဖြစ်စေ တစ်စုံတစ်ဦးမှာ လဲကျသွားတတ်ပါသည်။ ထိုအခါမျိုးတွင် သွားရောက်၍ ဖေးမကူညီတတ်သောစိတ်မျိုးသည် ကစားသမားတိုင်း၌ ရှိသင့်လှပေသည်။ အမှန်တကယ် ထိုစိတ်ဓာတ်မျိုးနှင့် ထိုလုပ်ရပ်များ ကိန်းဝပ်ရရှိလာစေရန် သီအိုရီကိုချပေးရုံဖြင့် ရမည်မဟုတ်ပေ။ ကစားရင်းဖြင့် လေ့ကျင့်၍ ပျိုးထောင်ပေးမှသာလျှင် မွန်မြတ်သော ထိုအားကစားစိတ်ဓာတ်ကို ရရှိသွားမည်ဖြစ်ပါသည်။

ဤမွန်မြတ်လှသော အားကစားစိတ်ဓာတ်လေး တစ်ခုကိုရအောင်ပင် လေ့ကျင့်၍ ပျိုးထောင်ပေးသင့်ပါသည်။ တစ်ခုတည်းပင်ဖြစ်သော်လည်း အထင်မသေးအပ်ပေ။ ထိုသို့သော အားကစားစိတ်ဓာတ်သည် နောက်ဆုံးတွင် မည်မျှအထိ ကျယ်ပြန့်ရှင်သန်လာသည်ကို မှန်းဆတိုင်းတာ၍မရပေ။ အားကစား

> ❝ကလေးများသဘာဝအရ ကစားကြရာတွင် တစ်ခါတစ်ရံ ဘောလုံးကန်၍ ကစားတတ်ကြပေသည်။ ကစားရာတွင် အားကစားစိတ်ဓာတ်ကိုအခြေခံ၍ စိတ်ဓာတ်ကောင်းများမွေးမြူပြီး ကစားတတ်စေရန် လေ့ကျင့်ပျိုးထောင်ပေးရပါမည်။ ကစားရင်းဖြင့် မိမိကြောင့်ဖြစ်စေ၊ သူတစ်ပါးကြောင့်ဖြစ်စေ တစ်စုံတစ်ဦးမှာ လဲကျသွားတတ်ပါသည်။ ထိုအခါမျိုးတွင် သွားရောက်၍ ဖေးမကူညီတတ်သောစိတ်မျိုးသည် ကစားသမားတိုင်း၌ ရှိသင့်လှပေသည်။❞

ပေးခြင်းအပြင် ကစားရင်းဖြင့် သင်ယူတတ်မြောက်နိုင်ကြောင်းကို ယုံမှားသံသယဖြစ်ဖွယ်မရှိပေ။

စာသင်ကျောင်းများတွင်ရှိသော "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ" ဟူသည့် ဆောင်ပုဒ်ကပင် သက်သေထူလျက် ရှိပေသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ကလေးသူငယ်များ၏ ပညာရေးကဏ္ဍမှာ လွန်စွာအရေးကြီးလှပါသည်။ သို့သော်လည်း နုနယ်သေးသော ကလေးများ၏အပေါ်တွင် အသိပညာ၊ အတတ်ပညာများကို အတင်းထည့်ပေး၍ မဖြစ်သင့်ပေ။

ကလေးများ၏ စိတ်သဘောထားများကို အပြုသဘောဆောင်သည့် အတွေးအခေါ်နှင့် လုပ်ရပ်များအဖြစ် ပြောင်းလဲနိုင်စေရန် လေ့ကျင့်ပျိုးထောင်ပေးရပါမည်။ ထိုသို့ အပြုသဘောဆောင်သော စိတ်ထားနှင့် လုပ်ရပ်များ ဖြစ်လာစေရန် မည်သို့လေ့ကျင့်၍ ပျိုးထောင်ပေးကြမည်နည်း။ သီအိုရီများဖြင့် "ရှော့ဟယ်၊ အင့်ဟယ်"ဆို၍ ထည့်ပေး၍မရပေ။ ငယ်စဉ်ဘဝကပင် လက်တွေ့ဘဝနှင့် ကိုက်ညီစေရန် လေ့ကျင့်ပေးသင့်ပါသည်။

စိတ်ရောကိုယ်ပါနုနယ်ကြသော မျိုးဆက်သစ်လူငယ်လေးများအတွက် လက်တွေ့ဆန်သော လေ့ကျင့်ပျိုးထောင်ပေးမှုဟူသည် အဘယ်နည်း။ ကလေးများနှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော ကစားနည်းများကိုအခြေခံပြီး လေ့ကျင့်ပျိုးထောင်ပေးခြင်းကလွဲ၍ အခြားအရာမရှိနိုင်တော့ပြီ။ ကလေးများ၏ နှလုံးသားထဲတွင် အပြုသဘောဆောင်သော စိတ်ဓာတ်စိတ်ဓာတ်ကိုအခြေခံကာ အပြုသဘောဆောင်သော လုပ်ရပ်များအဖြစ် ပြောင်းလဲသွားခြင်းပင်ဖြစ်သည်။

အထက်ပါအချက်ကို ထောက်ရှုခြင်းဖြင့် အားကစားစိတ်ဓာတ်မှာ အားကစားနှင့်သာလျှင် ပတ်သက်နေသည်ဟု ပြော၍မရနိုင်ပါ။ အားကစားကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော သဘောထားကြီးမှုများသည် ပြင်းထန်ကြမ်းတမ်းသော စစ်မြေပြင်၌ပင် လူသားဆန်စွာ ကျင့်သုံးလာတတ်ကြသည်။ အားကစားစိတ်ဓာတ်ကိုအခြေခံ၍ ရှင်သန်လာသော လေးစားအတုယူဖွယ် စိတ်ဓာတ်ကောင်းများဟု ဆိုနိုင်ပါသည်။

ထိုစိတ်ဓာတ်မျိုးနှင့် ထိုလုပ်ရပ်များရှိသော လူငယ်များ၏နိုင်ငံသည် စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်ခြင်းနှင့်အတူ အဘယ်မှာလျှင် ပညာမတတ်ဘဲ ရှိပါတော့မည်နည်း။ စိတ်ဓာတ်ကောင်းနှင့် စည်းကမ်းကောင်းတို့ဦးဆောင်လျှင် ပညာပြည့်ဝကြမည်မှာမလွဲပါပေ။ စစ်မှန်ပြည့်ဝသော ပညာဆိုသည်မှာ စိတ်ဓာတ်ကောင်းများနှင့် သဘောထားပြည့်ဝမှု၊ စည်းကမ်းရှိမှုတို့မှ ဆင့်ကဲပေါက်ဖွားလာသည်မှာ အမှန်ပင်ဖြစ်ပေသည်။ ထို့ကြောင့် စိတ်ဓာတ်၊ စည်းကမ်းနှင့် ပညာပြည့်ဝသော မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးနိုင်ရန် ငယ်စဉ်ဘဝကပင် လက်တွေ့ကျကျဖြင့် အားကစားစိတ်ဓာတ်ကို အခြေခံကာ လေ့ကျင့်၍ပျိုးထောင်ပေးကြရပါမည်။

ငယ်စဉ်ကပင် စိတ်ဓာတ်ကောင်းများနှင့် စည်းကမ်းကောင်းများကို လက်ခံကျင့်သုံးတတ်စေရန် မသင်ပေးပါက ပညာတတ်များ ဖြစ်လာစေရန် အကြောင်းမရှိပေ။ အကယ်၍ ပညာတတ်များ ဖြစ်လာပါကလည်း ပညာတတ်သော လူမိုက်ကြီးများ ဘဝသို့သာ ရောက်ဖွယ်ရာရှိပေသည်။ ထိုအခါ တရားမဝင်လက်နက်များလုပ်မည်၊ ဆေးဝါးအတုလုပ်မည်၊ ပိုက်ဆံအတု လုပ်မည်၊ ဘိန်းဖြူချက်မည် စသည့် အလုပ်များဖြင့် မိမိဘဝကောင်းစားရေးအတွက် လူသားများနှင့် ပတ်ဝန်းကျင်ကို ဖျက်ဆီးကြပေတော့မည်။ စိတ်ဓာတ်ကောင်းနှင့် စည်းကမ်းကောင်းများ မရှိပါဘဲ ပညာတတ်နေခြင်းသည် စစ်မှန်သောပညာပြည့်ဝမှုဟု မခေါ်ဆိုနိုင်တော့ပေ။ ကမ္ဘာလောကကြီး ငြိမ်းချမ်း၍ တိုးတက်ရန်အတွက် အနှောင့်အယှက်ပေးမည့် အဖျက်သမားများပင် ဖြစ်ချေတော့မည်။

လူငယ်များ၏ အားကစားမှုသည် စိတ်ဓာတ်၊ စည်းကမ်းများ ကောင်းမွန်စေ၍ စစ်မှန်ပြည့်ဝသော ပညာများရရှိသွားစေရန် လေ့ကျင့်ပျိုးထောင်ပေးရပါမည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များကလည်း စိတ်ဓာတ်ကောင်းနှင့် စည်းကမ်းကောင်းများရရှိပြီး စစ်မှန်ပြည့်ဝသော ပညာရည်ရရှိစေရန် ကြိုးစားကြရပါမည်။ စိတ်ဓာတ်၊ စည်းကမ်းနှင့် ပညာပြည့်ဝကြစေရန် အခြေခံဖြစ်သော အားကစားစိတ်ဓာတ်မှာ အရေးကြီးသော အခန်းကဏ္ဍမှပါဝင်နေသည်။ ထို့ကြောင့် လက်ဦးဆရာများဖြစ်သော မိဘများနှင့် ဆရာ ဆရာမများအနေဖြင့် လူသားဆန်သော မျိုးဆက်သစ်လူငယ်လေးများ ဖြစ်လာကြစေရန် လူငယ်လေးများကို ကစားချိန်မှာ ကစားခွင့်လေး ပေးလိုက်ကြပါဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၄၆၁ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၃ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ ၂၃-၇-၂၀၂၂ ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၄၆၁ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၃ ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၇၉ ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၈၄၉၀၃၃၅ ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၆၁၃၉၄၀ ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ ၁၂ ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း ၅၉၂၇၈၉ ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၃၄ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၂၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၇၃) ခု | (၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၉၃) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၅၇) ခု | (၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၈၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၈၄၉) ခု | (၂၇)ဦး |
| စုစုပေါင်း | (၅,၄၆၁) ခု | (၄၃)ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၂၁၄၅၈၃၉ | ၈၇၂၂၀၉၈၆ | ၁၀၅၁၉၁၂ |
| ၂။ | အိန္ဒိယ | ၄၃၈၆၈၄၇၆ | ၄၃၁၉၂၃၇၉ | ၅၂၅၉၉၇ |
| ၃။ | ဘရာဇီး | ၃၃၅၅၅၅၂၆ | ၃၁၈၇၇၅၃၁ | ၆၇၆၈၂၆ |
| ၄။ | ပြင်သစ် | ၃၃၄၁၃၆၉၈ | ၃၁၁၈၀၂၁၄ | ၁၅၁၃၅၀ |
| ၅။ | ဂျာမနီ | ၃၀၃၃၁၁၃၁ | ၂၈၂၃၄၄၀၀ | ၁၄၃၁၇၇ |
| ၆။ | ဗြိတိန် | ၂၃၂၁၂၅၆၅ | ၂၂၄၇၁၁၄၃ | ၁၈၂၇၂၇ |
| ၇။ | အီတလီ | ၂၀၅၃၉၀၁၆ | ၁၈၉၁၈၈၉၅ | ၁၇၀၆၈၂ |
| ၈။ | တောင်ကိုရီးယား | ၁၉၁၄၆၁၈၀ | ၁၈၃၈၉၁၇၂ | ၂၄၈၅၅ |
| ၉။ | ရုရှား | ၁၈၅၂၄၇၃၂ | ၁၇၉၃၃၈၆၂ | ၃၈၂၁၁၈ |
| ၁၀။ | တူရကီယဲ | ၁၅၅၂၄၀၇၁ | ၁၅၂၂၁၅၀၆ | ၉၉၁၈၄ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၆၇၂၀၀ | ၉၈၅၁၅၀၄ | ၄၃၀၉၂ |
| ၂။ | အင်ဒိုနီးရှား | ၆၁၆၄၂၇၁ | ၅၉၆၈၃၀၄ | ၁၅၆၉၀၂ |
| ၃။ | မလေးရှား | ၄၆၄၄၁၁၅ | ၄၅၅၉၅၄၅ | ၃၅၉၀၂ |
| ၄။ | ထိုင်း | ၄၅၇၃၄၆၃ | ၄၅၁၇၆၃၆ | ၃၁၁၃၀ |
| ၅။ | ဖိလစ်ပိုင် | ၃၇၄၈၉၇၉ | ၃၆၆၂၅၆၆ | ၆၀၆၇၀ |
| ၆။ | စင်ကာပူ | ၁၆၄၅၀၉၂ | ၁၅၄၂၀၄၁ | ၁၄၆၈ |
| ၇။ | မြန်မာ | ၆၁၃၉၄၀ | ၅၉၂၇၈၉ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၇၆၆ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၉၃၄၃၄ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၅၆၅ | ၁၃၃၃၈၉ | ၃၀၅၆ |



## ကဝမြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ဆောင်ရွက်

ကဝ ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ကိုဗစ်-၁၉ရောဂါတားဆီးကာကွယ်နိုင်ရေးအတွက် မြို့နယ်ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၇ နာရီတွင် ကဝ-ပဲခူးလမ်းမကြီးရှိ ပြည်သူ့ဆေးရုံရှေ့နှင့် လူစည်ကားရာလမ်းဆုံတို့တွင် နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကိုဗစ်-၁၉ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် ကဝ- ပဲခူး လမ်းမကြီးရှိမြို့နယ်ပြည်သူ့ဆေးရုံရှေ့နှင့် လူစည်ကားရာလမ်းဆုံတို့တွင် မြို့နေပြည်သူများ နေအိမ်ပြင်ပသို့ ထွက်ခွာပါက နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်သွားလာရေးအတွက် အသိပညာပေးပြောကြားခဲ့ပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကဝမြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် လူစည်ကားရာနေရာများတွင် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖

# မြဝတီမြို့၌ ခရိုင်အုပ်ချုပ်ရေးမှူးဖလား အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ



မြဝတီ ဇူလိုင် ၂၃

ကရင်ပြည်နယ် မြဝတီမြို့ မြို့မဘောလုံးကွင်း၌ ခရိုင်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ကျေးရွာပေါင်းစုံ အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းသို့ နေရာယူပြီး နိုင်ငံတော်သီချင်းသီဆို၍ နိုင်ငံတော်အလံကို အလေးပြုခြင်း၊ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်ကို အလေးပြုခြင်းနှင့် အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်အား ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်သည်။

ထို့နောက် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် အားကစားသမားများကို လိုက်လံနှုတ်ဆက်အားပေးသည်။

ဆက်လက်ပြီး ကျောင်းသားကျောင်းသူလေးများက Fitness Dance နှင့် ကရာတေးဒို သရုပ်ပြဖျော်ဖြေကြပြီး ပြိုင်ပွဲကို ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံမှ ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုပြိုင်ပွဲကို မြဝတီမြို့နယ်အတွင်းရှိ လူရွယ်၊ လူငယ်များ ဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ သက်တမ်းအလိုက် ထူးချွန်ထက်မြက်သော ကစားသမားများ ပေါ်ထွက်လာစေရန်နှင့် ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၁၆) နှစ်အောက် မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုရစေရန် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း မြဝတီခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးအောင်ကိုကိုထံမှ သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

❍ MNL မှ

ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ပွဲအစရှစ်မိနစ်မှာပင် ဟံသာဝတီအသင်း ဂိုးစတင်ရရှိခဲ့ပြီး တိုက်စစ်မှူး စိုးကျော်ကျော်က သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ဟံသာဝတီအသင်း ဆက်တိုက်ဖိကစားနိုင်ပြီး ပထမပိုင်းမှာပင် နောက်ထပ်လေးဂိုး သွင်းယူနိုင်ခဲ့သည်။ ဟံသာဝတီအတွက် ဂိုးများကို ၁၂၊ ၂၇ မိနစ်တွင် ခွန်ကျော်ဇင်သိန်း၊ မိနစ် ၂၀ တွင် စိုးကျော်ကျော်၊ ၂၉ မိနစ်တွင် ရဲလင်းထက်တို့က သွင်းယူခဲ့သည်။

ဟံသာဝတီအသင်းသည် ပထမပိုင်းတွင် ငါးဂိုးပြတ်အနိုင်ရနေသော်လည်း တိုက်စစ်မချဘဲ ဂိုးထပ်မံရရှိရေး ကြိုးပမ်းခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးများကို ၄၇၊ ၅၀၊ ၅၉ မိနစ်တွင် အောင်မြတ်သူ၊ ၅၁ မိနစ်တွင် စိုးကျော်ကျော်၊ ၈၁ မိနစ်တွင် ညီညီအောင်တို့က သွင်းယူခဲ့ပြီး စိုးကျော်ကျော်နှင့် အောင်မြတ်သူတို့နှစ်ဦး ဟက်ထရစ်ရရှိခဲ့သည်။ GFA အသင်းသည် ချေပဂိုးတစ်ဂိုးမျှရရှိအောင် စွမ်းဆောင်နိုင်ခြင်း မရှိသလို ခံစစ်ကလည်း ၁၀ ဂိုးအထိ ခွင့်ပြုခဲ့ရခြင်းဖြစ်သည်။

ငါးပွဲစီကစားအပြီးတွင် ဟံသာဝတီအသင်းက ခုနစ်မှတ်၊ GFA အသင်းက သုံးမှတ် ရရှိထားသည်။ ပွဲစဉ် (၅) ဒုတိယနေ့ကို ဇူလိုင် ၂၄ ရက်(ယနေ့)ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းနှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MNL**

## မြန်မာလက်ရွေးစင်ကစားသမား ငြိမ်းချမ်းနှင့် မျိုးမင်းလတ်တို့ ထိုင်းကလပ်များသို့ ပြောင်းရွှေ့

ရန်ကုန် ဇူလိုင် ၂၃

၂၀၂၂-၂၀၂၃ ရာသီ ထိုင်းလိဂ် ပြိုင်ပွဲများအတွက် ပြင်ဆင်နေသည့် ထိုင်းကလပ်အသင်းများသည် မြန်မာကစားသမားနှစ်ဦးကို ခေါ်ယူခဲ့သည်။

ထိုင်းလိဂ်-၂ ကလပ် ရနောင်းယူနိုက်တက်အသင်းသည် မြန်မာ့လက်ရွေးစင် နောက်ခံလူ ငြိမ်းချမ်းကို တစ်ရာသီစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။ ငြိမ်းချမ်းသည် ပြည်ပကလပ်အသင်းတွင် ပထမဆုံး သွားရောက်ကစားခြင်းဖြစ်ပြီး ရနောင်းယူနိုက်တက်အသင်းတွင် လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်သည်။ ငြိမ်းချမ်းသည် မြန်မာနေရှင်နယ်လိဂ်ကလပ်များဖြစ်သည့် ရခိုင်နှင့် ရှမ်းယူနိုက်တက်အသင်းတို့တွင် ကစားခဲ့ပြီး




နောက်ခံလူ ငြိမ်းချမ်းအား စာချုပ်အပြီး တွေ့ရစဉ်။

ပြည်ပကလပ်အသင်းများတွင် သွားရောက်ကစားရန် ရှမ်းယူနိုက်တက်အသင်းနှင့် နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာ့လက်ရွေးစင် ဂိုးသမား မျိုးမင်းလတ်မှာလည်း ထိုင်းလိဂ်-၁ ကလပ် ရတ်ချာဘူရီအသင်းသို့ တစ်ရာသီစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သည်။ မျိုးမင်းလတ်သည် ဇူလိုင်လလယ်ပိုင်းတွင် ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့ပြီး ရက်ပိုင်းအကြာတွင် အပြောင်းအရွှေ့အတွက် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။ မျိုးမင်းလတ် အသင်းပြောင်းရွှေ့နိုင်ရန် ရှမ်းယူနိုက်တက်အသင်းက နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်းပေးခဲ့ခြင်းဖြစ်သည်။ မျိုးမင်းလတ်သည် မြန်မာ့ဘောလုံး ပရော်ဖက်ရှင်နယ် ကူးပြောင်းပြီး နောက်ပိုင်း ပထမဆုံး ပြည်ပထွက်ကစားခွင့်ရသူ ဖြစ်လာသည်။

ယခုနှစ်တွင် မြန်မာကစားသမားများမှာ ပြည်ပကလပ်များတွင် သွားရောက်ကစားလျက်ရှိပြီး ထိုင်းကလပ်များအပြင် မလေးရှား၊ လာအိုနှင့် ကမ္ဘောဒီးယားကလပ်များတွင်လည်း ကစားလျက်ရှိသည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – ရနောင်းယူနိုက်တက်**

## နောက်တန်းကစားသမား ကူကူရီလာအား ခေါ်ယူမယ့် မန်စီးတီးရဲ့ ကမ်းလှမ်းမှုကို ဘရိုက်တန် ငြင်းဆို

ပရီမီယာလိဂ် လက်ရှိချန်ပီယံ မန်စီးတီးအသင်းဟာ ဘရိုက်တန်အသင်း ဘယ်နောက်တန်းကစားသမား ကူကူရီလာကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ နဲ့ ခေါ်ယူဖို့ ကမ်းလှမ်းခဲ့ပေမယ့် ဘရိုက်တန်အသင်းကတော့ မန်စီးတီးအသင်းရဲ့ ကမ်းလှမ်းမှုကို ငြင်းဆိုခဲ့တယ်လို့ သိရပါတယ်။




အသက် ၂၄ နှစ်အရွယ်ရှိ စပိန်ကြယ်ပွင့်ကစားသမား ကူကူရီလာဟာ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက စပိန်လာလီဂါကလပ် ဂီတာဖေးအသင်းကနေ ဘရိုက်တန်အသင်းဆီကို ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့လာခဲ့သူလည်း ဖြစ်ပါတယ်။

ဘရိုက်တန်အသင်းဟာ ပြီးခဲ့တဲ့လအတွင်းက ကွင်းလယ်ကစားသမား ဘစ်ဆူးမားကို ရောင်းချခဲ့ပြီးဖြစ်တာကြောင့် အခုအပြောင်းအရွှေ့ကာလအတွင်းမှာ ဘယ်နောက်တန်းကစားသမား ကူကူရီလာကို မန်စီးတီးအသင်းဆီ ရောင်းချမှာမဟုတ်ဘူးလို့ ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

ဘာစီလိုနာ ဘောလုံးအကယ်ဒမီကနေ မွေးထုတ်ပေးလိုက်တဲ့ နောက်တန်းကစားသမား ကူကူရီလာဟာ စပိန်လက်ရွေးစင်အသင်းနဲ့အတူ တစ်ပွဲပါဝင်ကစားပေးထားပြီး ၂၀၂၀ တိုကျိုအိုလံပစ် အားကစားပြိုင်ပွဲမှာတော့ စပိန်အသက် ၂၃ နှစ်အောက်အသင်းနဲ့အတူ ငွေတံဆိပ်ဆုဆွတ်ခူးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ဇင်ချန်ကိုအား အာဆင်နယ်အသင်းဆီ ပေါင်သန်း ၃၀ နဲ့ ရောင်းချခဲ့ပြီး ပရီမီယာလိဂ် ချန်ပီယံဆုဖလားကို သုံးရာသီဆက်တိုက် ဆွတ်ခူးနိုင်ဖို့အတွက် ကစားသမားဖြည့်တင်းမှုအနေနဲ့ လက်ရှိမှာ ကီဗင်ဖီးလစ်နဲ့ ဟာလန်းတို့ကို ခေါ်ယူထားပြီးလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

## (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်း မပါဝင်

ရန်ကုန် ဇူလိုင် ၂၃

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်း ပါဝင်မည်မဟုတ်ကြောင်း သိရသည်။

ဇူလိုင် ဒုတိယပတ်ကပြုလုပ်သည့် ဆီးဂိမ်းအဖွဲ့ချုပ်အစည်းအဝေးတွင် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ပါဝင်မည့် အားကစားနည်းများ ထုတ်ပြန်ခဲ့ရာ ဖူဆယ်အားကစားနည်း ပါဝင်မည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၄၀ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ဘောလုံးအားကစားနည်းတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ နှစ်မျိုးသာ ပါဝင်မည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်းကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၀၇ ဆီးဂိမ်းပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပခဲ့ပြီး နောက်ဆုံးကျင်းပခဲ့သည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအထိ ခြောက်ကြိမ်သာ ပါဝင်ခဲ့သည်။ ၂၀၀၇ ထိုင်းဆီးဂိမ်းပြိုင်ပွဲ၊ ၂၀၁၁ အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲ၊ ၂၀၁၃ မြန်မာဆီးဂိမ်းပြိုင်ပွဲ၊ ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၂၂ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတို့တွင် ပါဝင်ခဲ့ခြင်းဖြစ်သည်။

မြန်မာဖူဆယ်အသင်းများသည် ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်း ပါဝင်တိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းများအနေဖြင့် ဆီးဂိမ်းဖူဆယ်ပြိုင်ပွဲတွင် အောင်မြင်မှုကြီးကြီးမားမားရယူနိုင်ခြင်းမရှိသေးဘဲ မြန်မာအမျိုးသမီးဖူဆယ်အသင်းက ၂၀၁၁ အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု ရရှိခဲ့သည်။

**ကိုညီလေး**

## အာရှအားကစားပြိုင်ပွဲ ပြန်လည်ကျင်းပမည့်ရက် သတ်မှတ်

ရန်ကုန် ဇူလိုင် ၂၃

တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ပြုလုပ်မည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ယခင်က ၂၀၂၂ ခုနှစ် အောက်တိုဘာတွင်ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ပြီး ယခုအခါ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်အထိ ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် အားကစားနည်း ၄၀ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာအားကစားအဖွဲ့များအနေဖြင့် ၂၀၂၃ ခုနှစ်တွင် အဓိကနိုင်ငံတကာအားကစားပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မေလတွင် (၃၂)ကြိမ်မြောက် ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲနှစ်ခုစလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများ အတည်ပြုရွေးချယ်ရခြင်းမရှိသေးသော်လည်း ပဏာမအဆင့်ရွေးချယ်ကာ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် လာမည့်အာရှအားကစားပြိုင်ပွဲတွင် အများဆုံး အားကစားနည်း ၁၀ မျိုးဝန်းကျင်သာ ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိနေသည်။

**ကိုညီလေး**

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဝန်ထမ်းအလိုရှိသည်

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် အောက်ဖော်ပြပါ ရာထူးများအား မြန်မာနိုင်ငံသားဗုဒ္ဓဘာသာဝင်တိုင်း လာရောက်လျှောက်ထားနိုင်သည်-

(၁) **ဒု-ဌာနမှူး** (ကျား) (၁)ဦး
အသက်(၅၅)နှစ်အောက် ဖြစ်ရမည်။ ဘွဲ့ရဖြစ်ရမည်။ စီမံခန့်ခွဲမှုအတွေ့အကြုံ (၅)နှစ် အနည်းဆုံး ရှိရမည်။ အစိုးရဝန်ထမ်းအငြိမ်းစားများကို ဦးစားပေးခန့်ထားမည်။ HR Certificate ရှိရမည်။

(၂) **ဌာနခွဲမှူး** (ကျား) (၁)ဦး
အသက်(၅၀)အောက် ဘွဲ့ရဖြစ်ရမည်။ စီမံခန့်ခွဲမှုအတွေ့အကြုံ (၃)နှစ် အနည်းဆုံးရှိရမည်။ အစိုးရဝန်ထမ်း အငြိမ်းစားများကို ဦးစားပေးခန့်ထားမည်။

(၃) **အကြီးတန်းစာရေး** (ကျား) (၁)ဦး
အသက်(၅၀)အောက် ဘွဲ့ရဖြစ်ရမည်။ ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။ အစိုးရဝန်ထမ်း အငြိမ်းစားများကို ဦးစားပေးခန့်ထားမည်။

(၄) **ကွန်ပျူတာစာရေး** (မ) (၁)ဦး
အခြေခံပညာအထက်တန်းအောင်ရမည်။ အသက်(၄၀)အောက်ဖြစ်ရမည်။ ကွန်ပျူတာ စာစီစာရိုက် ကျွမ်းကျင်သူဖြစ်ရမည်။

အထက်ပါ အရည်အချင်းကိုက်ညီသူများသည် ကိုယ်ရေးရာဇဝင်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း (ရပ်ကွက်ထောက်ခံစာ၊ တစ်လအတွင်းရဲစခန်းထောက်ခံချက်၊ တစ်လအတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံ (၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ပညာအရည်အချင်း ထောက်ခံချက် မူရင်း/မိတ္တူ၊ မြို့နယ်ကျန်းမာရေးဌာန ဆေးစစ်ချက်များနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဂေါပကအဖွဲ့ ဗိုလ်တထောင်စေတီတော်ဟု လိပ်မူပြီး လာရောက်လျှောက်ထားနိုင်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဖုန်း-၀၉-၂၅၅၇၇၉၇၇၁၊ ၀၉-၆၆၆၀၇၄၁၁၁**

MOEE

YESC

နေအိမ်၊ ရုံးခန်းများတွင် သုံးစွဲဝန်အားနှင့် ကိုက်ညီသော လျှပ်စစ်ဝါယာကြိုး၊ လိုင်းဖြတ်ခလုတ်များကိုသာ တပ်ဆင်အသုံးပြုသင့်ပါသည်။




MOEE

YESC

လျှပ်စစ်မီတာ၊ လျှပ်စစ်ဓာတ်အားလိုင်းတို့ကို ခွင့်ပြုချက်မရှိဘဲ မိမိသဘောဖြင့် ကိုင်တွယ်ပြုပြင်ခြင်း မပြုရ။



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## တစ်ချက်တည်းကျင်းဝင်

၂၃-၇-၂၀၂၂ ရက် နံနက်ပိုင်းတွင် ရေပြာဂေါက်ကွင်း၌ ဒေါက်တာမောင်မောင်ဋ္ဌေးသည် ကစားဖော်များဖြစ်ကြသော ဦးတင်အောင်ချစ်၊ ဦးလှဆွေ၊ ဦးအေးလှိုင်၊ ဦးရဲတင့်တို့နှင့် ဂေါက်ရိုက်ကစားစဉ် ကျင်းအမှတ်(၈)၊ ၁၇၃ ကိုက်ကို SWORD 7 သံတုတ်ဖြင့် Titliest 1 ဘောလုံးကို ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ သခင်လေးမောင်လမ်း၊ အမှတ်(၁၆၈၃)ရှိ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-၁၆၈၃၊ အကျယ်အဝန်း ပေ(၄၀x၆၀)၊ ဧရိယာ-၀.၀၅၅ဧက၊ စတုရန်းပေ-၂၄၀၀ရှိ ဒေါ်စုမာကျော်[၁၂/တတန(နိုင်)၀၃၈၂၈၈]အမည်ပေါက် နှစ်(၆၀)ဂရန်အမျိုးအစား မြေကွက်ကြီးမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း ပေ(၂၅x၄၀)ရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား စာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းနိုင်[၁၄/မမန(နိုင်)၁၂၃၇၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးကျော်မောင်မောင်မင်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၂၁)**
**အမှတ်(၃၄)၊ မြေညီထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၆၉၁၅**

## ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ်(၉၀)၊ (၂)ခန်းတွဲ (၆)ထပ်အဆောက်အဦမှ အမှတ်(၉၀-ဘီ)၊ တတိယထပ်၊ (၄)လွှာ၊ ပေ(၁၂x၅၀) အကျယ်အဝန်းရှိ တိုက်ခန်းကို ဝယ်ယူမည်ဖြစ်ကြောင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေသည် ဒေါ်ခင်ချိုပြုံး [၁၃/နဆန(နိုင်)၀၄၆၂၉၄] ပိုင်ဆိုင်သည့် အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံ အထောက်အထား (မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသောရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမိုးသက်တင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၇၉၁၆)**
**တိုက်အမှတ်-၉၈၊ မင်္ဂလာသီရိလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၂၅၅၉၁၃**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၃၂) ရပ်ကွက်၊ အမှတ် (၇၆၃) နေ ဦးတင်ထွန်း (၁၀/သထန (နိုင်) ၀၁၁၃၇၀) နှင့် ဒေါ်နွယ်နွယ်ဆွေ (၁၀/သထန (နိုင်) ၀၄၅၁၈၁) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးတင်ထွန်းနှင့် ဒေါ်နွယ်နွယ်ဆွေတို့၏ သမီး အငယ်ဖြစ်သူ မထက်ထက်ဦးဝေ (၁၂/မရက (နိုင်) ၁၇၈၂၄၃) သည် မိဘများ၏ ဆို ဆုံးမမှုများကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ် အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း နှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား (လုံးဝ) တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဒေဝီ LL.B
အထက်တန်းရှေ့နေ (စဉ် - ၅၃၄၃၁)
အမှတ် - ၉၁၄၊ရေသန့်လမ်း၊၁၃၁-ရပ်ကွက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်။
ဖုန်း - ၀၉ ၇၉၃၀၆၀၅၀၈

## ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းဆီးခြင်းမပြုရန် နှိုးဆော်ချက်

### “ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း”
### “ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား”

- ❖ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင် အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန် နေရာလာရှာ၍ ငါးရစ်တက်ကြပါသည်။
- ❖ ထိုငါးရစ်ငါးကြီးများကို ဖမ်းဆီးလိုက်ပါက ငါးများမိတ်လိုက်၊ ဥချ၊ သားပေါက်မှုများ မပြုလုပ်နိုင်ကြဘဲ ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်အရွယ်ငယ်(ငါးသန်)များကို ငယ်ရွယ်စဉ် ဖမ်းဆီးလိုက်ပါက သေကျေပျက်စီးကြကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာစားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။
- ❖ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်(၂/၉၂)ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာ ဥပဒေအရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။
- ❖ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေး အတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော် အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ဒေါ်အေးမိဝါနှင့် အများသိစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (က+ခ)ရပ်ကွက်၊ (၁၅၄)လမ်း၊ အမှတ်(၁၅) နေ ဦးတင်ထွန်းလွင်[၁၂/ရပသ(နိုင်)၀၀၇၆၆၂]ကိုင်ဆောင်သူနှင့် ဒေါ်အေးမိဝါ[၁၄/ဟသတ(နိုင်)၃၂၂၃၃၄]ကိုင်ဆောင်သူတို့သည် (၂-၅-၂၀၁၇)ရက်တွင် အစ္စလာမ်တရားတော်နှင့်အညီ နေကာဟ်ပြုထိမ်းမြားခဲ့ကြပြီး သားသမီး(၃)ဦးထွန်းကားခဲ့ပါသည်။ (၁၄-၇-၂၀၂၂)ရက်တွင် ဒေါ်အေးမိဝါမှာ ကျွန်ုပ်၏ မိတ်ဆွေသိရှိခြင်းမရှိဘဲ သမီး(၃)ယောက်အနက် အငယ်ဆုံးသမီး (၉)လအရွယ်၊ ရွှေနှင့်လက်ဝတ်လက်စားများ ယူဆောင်သွားကာ အိမ်ပေါ်မှဆင်းသွားခဲ့ပါသည်။ ယနေ့အချိန်ထိ ကျွန်ုပ်မိတ်ဆွေမှ ခွင့်မလွှတ်နိုင်သည့်အတွက် ၎င်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော လူမှုရေးကိစ္စရပ်များ၊ ငွေကြေးကိစ္စများ ရှင်းလင်းပေးမည်မဟုတ်ကြောင်းနှင့် ဒေါ်အေးမိဝါ၏မိတ်ဆွေများ၊ ၎င်း၏ဆွေမျိုးများအနေဖြင့် ကျွန်ုပ်မိတ်ဆွေအပေါ် ဂုဏ်သိက္ခာကျဆင်းစေရန် ပြုလုပ်မှု၊ ဆဲဆိုခြိမ်းခြောက်ခြင်း၊ ကျွန်ုပ်မိတ်ဆွေ၏ မိဘဆွေမျိုးအပေါင်းအသင်းတို့အား ဆက်သွယ်စုံစမ်းခြင်းများ မပြုလုပ်ရန်၊ ပြုလုပ်လာပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးတင်ထွန်းလွင်** | **ဒေါ်ဇင်ဇာထွေး(LL.B,D.B.L)** |
| **[၁၂/ရပသ(နိုင်)၀၀၇၆၆၂]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၁၁)** |
| | **တိုက်(၁၀၁)၊ (ပထမထပ်-C)၊ ၃၆ လမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၇၉၉၆၈၀၃၀၄** |

## ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၄၊ လူနေရပ်ကွက်အမှတ်-၂၆/ကျောင်းကုန်း၊ ကျောင်းကုန်းလမ်း၊ မြေကွက်အမှတ်-၃၈၄(က+ခ)၊ အကျယ် ပေ(၄၀x၆၀)ရှိ ဦးမြင့်ဆွေနှင့် ဦးဇော်မိုးလွင်တို့ အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်(၂)ကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်အား ပါမစ်အမည်ပေါက် ပိုင်ရှင်များဖြစ်သော ဦးမြင့်ဆွေနှင့် ဦးဇော်မိုးလွင်တို့ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးကျော်ဦး[၉/ကပတ(နိုင်)၁၇၁၉၂၁]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလွင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)**
**အမှတ်-၁၉၂၊ ဗိုလ်ချုပ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၉၆၈၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဥသာမြို့သစ်၊ အမှတ်(၈)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၉၇)ဟု ခေါ်တွင်သည့် အလျား (၄၀') x အနံ(၆၀')အကျယ်အဝန်းရှိ မြေနှင့်လူနေအိမ်တစ်လုံးအား လက်ဝယ်လက်ရှိပိုင်ဆိုင်သူ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နီလာ [၁၂/ကမရ(နိုင်)၀၄၉၉၈၂]က မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါ၍ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီလာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်စိန်လွင် (LL.B)** | **ဦးဇော်မျိုးဝင်း (LL.B)** |
| **(စဉ်-၇၀၉၇)** | **(စဉ်-၁၅၇၀၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၀/၁၂၊ အခန်း-၁၀၂/ဘီ-၂၊ ပထမထပ်၊ ၃၅-လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၁၆၁၂၂**

## “သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ်-(၃၉၀)နေ ဦးနေဝင်းထွန်း[၉/မသန(နိုင်)၀၉၁၂၈၂]၏ သားဖြစ်သူ မောင်လင်းခန့်ထွန်းသည် မိဘတို့၏ ဆိုဆုံးမမှုတို့ကို မနာခံဘဲ မိမိဆန္ဒအလျောက် (၂၀-၇-၂၀၂၂)ရက်တွင် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင်လည်း ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စတစ်စုံတစ်ရာကိုမျှ လက်ခံဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းကိုလည်း မောင်လင်းခန့်ထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်-ဦးနေဝင်းထွန်း**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (L ၁၈-၆၁)၊ လူနေရပ်ကွက်အမှတ်-၆၁၊ မြေကွက်အမှတ်-၃၀၉၂+၃၀၉၃၊ ဧရိယာ (၀. ၁၁) ဧက၊ အကျယ်အဝန်း (အလျား ၈၀ ပေ × အနံ ၆၀ ပေ)၊ (၄၈၀၀) စတုရန်းပေရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့်၎င်းမြေကွက်နှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက် ဦးမျိုးအောင် (ဘ) ဦးလင်းချွန်ဟုတ် (ခ) ဦးကျင်စိန် (၉/မနတ (နိုင်) ၀၉၈၁၉၉) ထံမှ (၂၆-၉-၂၀၁၄ ) ရက်စွဲပါ “မြေကွက်အရောင်းအဝယ်ကတိစာချုပ်” နှင့် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၃၁၂၂၅/၂၀၁၄ အရ တရားဝင်ဝယ်ယူလက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးချင်အန် (ဘ) ဦးလောက်တာ (၁၃/လရန (နိုင်) ၀၇၅၅၂၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေက တရားဝင်အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဘိုးငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၊ ၎င်းမြေကွက်နှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမြင့် (LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၁၄)
အခန်း (အေ-၁၁/၁၂)၊ ပထမထပ်၊ အမှတ် (၅၀)၊
ဘဏ်လမ်း ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀-၆၃၅၁၃၊ ၀၉ ၄၅၄၉၂၀၅၀၅

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၀ ဆူ | ၃၉၀ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၈ တိုင် | ၆၂ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၇ ကျင်း | ၂၀၁. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၀ ကျင်း | ၁၆၁၅. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စန်းမြင့်(ခ)ဒေါ်စန်းကြည်

## အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဆရာဖြိုး-ဒေါ်စိန်ညွန့်)တို့၏ တတိယသမီး၊ ကန်/နောက်ရပ်ကွက်၊ ၈၇-လမ်း၊ အမှတ်(၂၀)၊ ၃ လွှာ(B)နေ (ဦးသန်း)၏ဇနီး၊ (ဦးအေးသန်း)-ဒေါ်ညွန့်ညွန့်ဝင်း၊ (ဦးနေဝင်း-ဒေါ်လှရီ)၊ ဒေါ်မြမြဝင်း၊ ဦးဗချီ-ဒေါက်တာကြည်ကြည်ဝင်း၊ ဦးမြင့်မောင်-ဒေါ်စန်းစန်းဝင်း၊ ဦးတင်အောင်လင်း-ဒေါ်စုနန္ဒာလင်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးမြစ်များ၏ အဘွားဒေါ်စန်းမြင့် (ခ)ဒေါ်စန်းကြည်သည် ၂၃-၇-၂၀၂၂ (စနေနေ့) နံနက် ၆:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၂၂(တနင်္လာနေ့) မွန်းလွဲ(၂)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါ သည်။ [နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင်ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်ကျောင်းဒါယိကာကြီး

## ဦးလှညွန့်

ကျောင်းဆရာကြီး၊ အလက(၄)မင်္ဂလာဒုံ (ငြိမ်း)

## အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၂(က)၊ စံပြရပ်ကွက်၊ အမှတ်(၁၃၁) ဓမ္မသုခအပြင်လမ်းနေ (ဦးကျင်စိန်-ဒေါ်စိန်ကြည်)တို့၏သား (ဒေါ်အေးအေးသိန်း)၏ ခင်ပွန်း၊ ဦးလှဝင်း၊ ဦးမြင့်ဝင်း၊ ဦးမြင့်အေး၊ ဦးဝင်းညွန့်တို့၏ အစ်ကိုကြီး၊ (ဗိုလ်ကြီးနေလင်းအောင်)၊ မောင်ဇေယျာလှ၊ ဒေါက်တာရဲမွန်ဘို-မလှမြတ်သူ တို့၏ဖခင်သည် ၂၂-၇-၂၀၂၂ (သောကြာနေ့) ညနေ ၆:၃၂ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းမီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေ သူငယ်ချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၂၂ ရက်တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးတင်မြင့်

# အသက်(၈၃)နှစ်

အာဇာနည်ခေါင်းဆောင်ကြီး (ဦးရာဇတ်-ဒေါ်ခင်ခင်) တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ၈-မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ မေရဝတီလမ်း၊ အမှတ်(၁၃၅-F)နေ ဒေါ်ရှယ်လီ (ခ) ဒေါ်ဝေမာ ၏ခင်ပွန်း ဦးတင်မြင့်သည် ၂၁-၇-၂၀၂၂ ရက်၊ နံနက် ၆:၄၀ နာရီတွင်အလ္လာဟ်အရှင်မြတ်၏ အမိန့်တော် ခံယူသွားပါကြောင်း သိရှိရပါသဖြင့်မိသားစုနှင့်ထပ်တူ ထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့

---

## CONDOLENCE

**U Tin Myint – 83 yrs**

**Director – Offshore MOGE (Rtd)**

Our deepest sympathy and heart felt condolence to Daw Shirly @Daw Wai Mar and Family for her husband U Tin Myint son of the Late National Martyr U Razak–Daw Khin Khin passed away peacefully on July 21st 2022.

**From – (Dr Nyi Nyi) Dr Kyi Pe, A. Prof Dr Hnin Kline (USA)**

**S. Consultant Physician Dr Nyein Nyein Nyi Nyi – (Australia)**

---

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

## ဦးစိုးသန်း (၃)

## ဒု-လက်ထောက်အကောက်ခွန်မှူး (ငြိမ်း)

## အသက်(၇၂)နှစ်

ရာသက်ပန်အသင်းဝင်အမှတ် (၁၀၃၀) ဦးစိုးသန်း (၃) သည် (၂၂-၇-၂၀၂၂) ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ဘုရားသုံးဆူ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသား များအား အကြောင်းကြားအပ်ပါသည်။ **အမှုဆောင်အဖွဲ့**

---

## ဦးရဲမင်းဇော်

## အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၇)၊ 3(B)၊ မိုးမခလမ်း၊ မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်နေ (ဦးလှထွန်း-ဒေါ်မြင့်ကြည်) တို့၏သား၊ ဒေါ်မြတ်သက်မွန်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၇-၂၀၂၂(သောကြာနေ့) ညနေ(၆:၃၀)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၇-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၇)၊ 3(B)၊ မိုးမခလမ်း၊ မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉၊ မြေကွက်အမှတ်(၁၉၈/ခ)၊ အောင်ဆုပန်လမ်း၊ (၁၉)ရပ်ကွက်၊ ဦးမိုးဆွေအမည်ပေါက် မြေချပါမစ်၊ (၂၀x၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်ခွဲတိုက် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတက်လူ [၇/ညလပ(နိုင်)၁၁၅၀၀၁] ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့် အိမ်အဆောက်အဦ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူ ရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား (မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝင်းမာလာ (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၅၀)**

**အမှတ်(၂၈၇/က၊ စပ်စံထွန်းလမ်း၊ (၉)ရပ်ကွက်၊**

**လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၁၆၀၄၈၀**

---

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ City Loft အိမ်ရာ၊ တိုက်အမှတ်- CL6(B-5) ၊ အခန်းအမှတ် (၄၁၄) ဟုခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်။

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးသက်လွင်ကျော် [၁၂/မဂတ(နိုင်)၀၇၂၁၀၇]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုအပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်-၄၀၃၅)**

**LL.B,DBL,DML,DIL,DLP,WIPO (Switzerland)**

**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L,D.B.L**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**

**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**Tel:294766 HP:09-5017044**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဗညားဒလ)၊ မြေကွက်အမှတ်(၁၄၀၈)၊ ဧရိယာ(၂၄၀၀) စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၁၄၀၈)၊ ကနောင်လမ်းမကြီး၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်၊ ဒေါ်ငွေကြိုင် (TTE-၀၆၄၁၁၁)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးဝင်းအောင် ဖခင် ဒေါ်ငွေကြိုင် (မိခင်)၊ ဒေါ်မြင့်မြင့်အောင် (သမီး)နှင့် ဦးခင်မောင်လွင်(သား)တို့ အသီးသီးကွယ်လွန်သဖြင့် ဦးဝင်းကြိုင် [၁၂/ဒလန (နိုင်)၀၀၉၃၈၅]၊ ဦးဝင်းနိုင် [၁၂/တတန(နိုင်)၀၆၈၄၅၀]၊ ဦးခင်မောင်လတ် [၁၂/ဒလန (နိုင်)၀၂၈၇၀၈]၊ ဦးခင်မောင်အေး [၁၂/ဒလန(နိုင်)၀၀၉၄၀၂]၊ ဦးလှထွေးအောင် [၁၂/ဒလန(နိုင်)၀၂၈၇၀၉]၊ ဒေါ်မိုးမိုးအောင် [၁၂/ဒလန(နိုင်)၀၃၈၉၂၉]၊ ဒေါ်သီတာအောင် [၁၂/ဒလန(နိုင်)၀၀၀၈၀၀]၊ ဦးဝင်းကိုကိုနိုင်[၁၂/ဒလန(နိုင်)၀၄၅၇၉၀]၊ ဦးရဲကိုကိုနိုင် [၁၂/ဒလန(နိုင်)၀၄၅၇၉၁]၊ ဦးဇော်ညွန့် [၁၂/တတန(နိုင်)၀၄၃၉၉၅] (ဒေါ်မြင့်မြင့်အောင်၏ခင်ပွန်း)၊ ဒေါ်တင်တင်အေး [၁၂/ဒလန(နိုင်)၀၀၉၃၈၁] (ဦးခင်မောင်လွင်၏ဇနီး) တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသော သား/သမီး၊ သားမက်နှင့် ချွေးမများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ သေဆုံးမှုလက်မှတ်များ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါက တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ မြေကွက်အမှတ်(၃၄)ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် အမှတ်(ခ/၉၃)၊ ပြည်သာယာလမ်းသွယ်(၃)၊ ဧ/မြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ UBC Condo၊ Tower(B)၊ Level-2၊ အခန်းနံပါတ်(၂၀၆)၊ အကျယ်အဝန်း(၈၁၅)စတုရန်းပေရှိသော ရေ၊ မီးအစုံကွန်ဒိုတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဒေါ်ဖြူစင်သစ်[၃/ဘအန(နိုင်)၁၃၇၀၉၅]မှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်သော ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဖြိုးသက်ဦး(LL.B)** | **ဒေါ်နှင်းယုဝေအေး(LL.M,D.I.L)** |
| **(စဉ်-၄၈၁၁၆)** | **(စဉ်-၄၁၁၅၂)** |

**အထက်တန်းရှေ့နေများ**

**Hnin Yu Jasmine Legal Services**

**အမှတ်(၁၁၅)၊ အခန်းအမှတ်(၁၀၁)၊ ပထမထပ်၊ သုဓမ္မာလမ်း၊**

**(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၄၃၃၇၆၄၁၅၊ ၀၉-၇၈၈၀၃၁၇၁၃**

---

## "မြေနှင့်အဆောက်အဦပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၇၇)နေ ဒေါ်ဝင့်သန္တာစိုး [၁၂/မဂတ(နိုင်)၀၈၉၈၇၈]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၂)ရပ်ကွက်၊ ၁၃၅-လမ်း၊ အမှတ်(၃၆)ဟုခေါ်တွင်သော တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂၊ မြေကွက်အမှတ်- ၃၆ ၊ အကျယ်အဝန်း (၃၀.၃x၄၂)ပေရှိ မြေအမျိုးအစား စတုတ္ထတန်း၊ နှစ်(၉၀)ဂရန် မြေကွက် အမည်ပေါက် ဦးမောင်သန်း (ကွယ်လွန်) + ၄ ဦးတို့၏ ဆက်ခံသူများဖြစ်သော ဒေါ်သန်း၊ ဦးတင်လှ၊ ဒေါ်မိုးမာလာ(ကွယ်လွန်)၊ ဒေါ်မိုးမိုးလွင်၊ ဦးဂိုလန် (ကွယ်လွန်)တို့ထံမှ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၈)ထပ် အဆောက်အဦတွင် အပျောက်စနစ်ဖြင့်ဝယ်ယူနေထိုင်သူ(၁၄)ဦး၏ ပိုင်ဆိုင်မှုမပါဝင်ဘဲ (၂၀-၇-၂၀၂၂) ရက်စွဲပါ မြေနှင့်မြေပေါ်ရှိ တိုက်ခန်း(၂)ခန်းအား အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင့်သန္တာစိုး [၁၂/မဂတ(နိုင်)၀၈၉၈၇၈]က ဝယ်ယူပိုင်ဆိုင်လာသော မြေနှင့် အဆောက်အဦ ပိုင်ရှင်ဖြစ်ပါသည်။

ယခုအခါ အထက်ပါ (၂)ခန်းတွဲ (၈)ထပ်အဆောက်အဦနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝင့်သန္တာစိုး အနေဖြင့် အခန်းအပျောက်ဝယ်ယူနေထိုင်သူများထံမှ အိမ်လခကောက်ခံခြင်း၊ အခန်းအမည်ပြောင်းခြင်း၊ အဆောက်အဦပြင်ဆင်မွမ်းမံခြင်း၊ စီမံခန့်ခွဲခြင်း စသည်တို့ကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်နှင်းသီတာဖြိုး (LL.B)** |
| **(စဉ်-၈၇၉၂)** | **(စဉ်-၁၃၇၂၀)** |

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၈၆၀၅၊ ၀၉-၅၀၆၄၉၅၉**

---

# မူးယစ်ကို

# ပစ်

# ပန်းတိုင်သစ်

# စိတ်သစ်

# လူသစ်

# ဘဝသစ်

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရန်ကုန်သစ်)၊ မြေကွက်အမှတ်(၉၈၀/က)၊ အကျယ်အဝန်း(၁၂၀၀-စတုရန်းပေ)၊ ပေ(၂၀x၆၀)ရှိ ဒေါ်ရီရီထွေးအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်တို့အား ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ရီရီထွေး[၁၂/သဃက(နိုင်)၁၆၁၄၄၆]သည် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှမြင့်(ခ)ကေတ်ချွန် [၁၂/ရကန(နိုင်)၀၅၉၂၈၃]ကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နွယ်နီတင်(LL.B)** | **ဒေါ်ပန်းအိမ်စည်(LL.B,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၆၉၃၉)** | **(စဉ်-၅၁၇၃၅)** |

**အမှတ်(၄၉၃)၊ ပထမထပ်၊ အခန်း(၂/၃)၊ နဂါးရုံဘုရားလမ်း၊**

**(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၈၇၉၅**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊(၁၁၉)ရပ်ကွက်၊ထန်းတပင်လမ်း၊မြေကွက်အမှတ်(၄၉၂)အကျယ်အဝန်းပေ(၄၀×၆၀)ပေရှိမြေချပါမစ်မြေကွက်အားပိုင်ဆိုင်သူဦးကျော်လတ်မှရောင်းချလိုကြောင်းကမ်းလှမ်းလာရာကျွန်ုပ်၏မိတ်ဆွေ မှသဘောတူသည့်အလျောက်စရံငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ထို့ကြောင့်ကန့်ကွက်လိုပါကစာချုပ်မူရင်းများဖြင့်(၅)ရက်အတွင်းကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါကဥပဒေအတိုင်းအရောင်းအဝယ်ကိုဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဆုလှိုင်ဝေ LL.B

အထက်တန်းရှေ့နေ(စဉ်-၃၇၀၃၅)

၀၉-၄၅၅၀၈၆၅၅၃

အမှတ်(၅၂၉/၅၃၀)စိုက်ပျိုးရေးလမ်း၊

(၁၃)ရပ်ကွက်၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ ဗိုလ်ဆွန်ပက်လမ်း၊ မြေကွက်အမှတ်(၁၈၅)၊ မြေအကျယ်အဝန်း ပေ(၄၁x၆၀) အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း၊ မြေကွက်အမှတ်(၁၈၆)နှင့် ကပ်လျက်ဘက်အခြမ်း မြေအကျယ်အဝန်းပေ(၂၁x၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဒေါ်ခင်စန်းဌေး[၁၂/သဃက(နိုင်)၀၁၂၀၁၂] အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးသန်းဝင်းမောင် [၉/တသန(နိုင်)၀၉၈၀၁၇]သည် "နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်" ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

**တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီး မပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်) ၁၂-၂-၂၀၂၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## သတင်းထုတ်ပြန်ချက်

## မြန်မာနိုင်ငံက တင်သွင်းခဲ့သော ကနဦးကန့်ကွက်လွှာနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်

မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာ တရားရုံး၌ ၁၉၄၈ ခုနှစ် လူမျိုးသုဉ်းစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ်ကို ကျူးလွန်ဖောက်ဖျက်သည်ဟု စွပ်စွဲချက်ဖြင့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် တရားစွဲဆိုခဲ့ခြင်းနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာတရားရုံးက မြန်မာနိုင်ငံက တင်သွင်းခဲ့သည့် ကနဦးကန့်ကွက်လွှာကို ပယ်ချကြောင်း ဆုံးဖြတ်ချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် မှတ်သားထားရှိသည်။

ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံးသို့ တင်ပြထားသည့် အမှုကိစ္စနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာတရားရုံးက စီရင်ခွင့်မရှိကြောင်း၊ ဂမ်ဘီယာနိုင်ငံသည် တရားစွဲဆိုပိုင်ခွင့်မရှိကြောင်း ကနဦးကန့်ကွက်လွှာ(Preliminary objections) အချက် ၄ ချက်အား မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံးသို့ တင်သွင်းခဲ့သည်။ အဆိုပါ ကနဦးကန့်ကွက်လွှာ ၄ ချက်တွင် -

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆



ဟံသာဝတီနှင့် GFA အသင်း ယှဉ်ပြိုင်နေစဉ်။

## MNL ပြိုင်ပွဲတွင် ဟံသာဝတီအသင်း စံချိန်တင်ဂိုးရလဒ်ဖြင့် အနိုင်ရ

ရန်ကုန် ဇူလိုင် ၂၃

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ပထမနေ့ကို ဇူလိုင် ၂၃ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ဟံသာဝတီအသင်းက GFA အသင်းကို ၁၀ ဂိုး - ဂိုးမရှိ စံချိန်တင်ဂိုးရလဒ်ဖြင့် အနိုင်ရခဲ့သည်။

**နိုင်ပွဲပြန်လည်ရရှိ**

သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားသည့် ဟံသာဝတီအသင်းသည် စံချိန်တင် ဂိုးရလဒ်နှင့်အတူ နိုင်ပွဲပြန်လည်ရရှိခဲ့သည်။ ဟံသာဝတီအသင်းအနေဖြင့် ယခုပွဲအနိုင်ရလဒ်ကြောင့် ဇယားထိပ်ပိုင်းမှ အသင်းများကို ပြန်လည်ဖိအားပေးနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရလဒ်ကြောင့် ကျေနပ်စရာ ဖြစ်ခဲ့ရသည်။ တန်းတက် GFA အသင်းသည် ပွဲစဉ်(၄)တွင် ပထမဆုံးနိုင်ပွဲစတင်ရရှိခဲ့သော်လည်း ယခုပွဲတွင်မူ ဂိုးပြတ်ရှုံးပွဲနှင့် ပြန်လည်ရင်ဆိုင်ခဲ့ရခြင်း ဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ဟံသာဝတီအသင်းသည် နိုင်ပွဲပြန်လည်ရရှိရေးအတွက်

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ○

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြို့ဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဇူလိုင် ၂၃

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြို့ဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳


ယနေ့ ဖတ်စရာ

**အီသီယိုးပီးယားနိုင်ငံ၌ မိုးခေါင်မှုကြောင့် လူပေါင်း ၉ ဒသမ ၈၈ သန်း စားနပ်ရိက္ခာမလုံလောက်မှု ပြဿနာနှင့် ရင်ဆိုင်နေရ** စာမျက်နှာ » ၁၂

**နောက်တန်းကစားသမား ကူကူရီလာအား ခေါ်ယူမယ့် မန်စီးတီးရဲ့ ကမ်းလှမ်းမှုကို ဘာရိုက်တန် ငြင်းဆို** စာမျက်နှာ » ၂၃

**ရွှေကျင်မြို့နယ်ရှိ PDF အမည်ခံ အကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး** စာမျက်နှာ » ၁၅